# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့။ Monday, 17 November 2025 ၁၂၀၀၄


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်ရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

**ယနေ့ ဖတ်စရာ**

**တရုတ်-မြန်မာ (၇၅)နှစ်မြောက် သံတမန်ဆက်ဆံရေးထူထောင်ခြင်း အထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် တရုတ်ပုံရိပ်ရုပ်ရှင်ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကျင်းပ**

စာမျက်နှာ » ၉

**အွန်လိုင်းရာဇဝတ်ဂိုဏ်းများ၏ လိမ်လည်ငွေရှာမှုများကို သိရှိရှောင်ရှား၊ နိုင်ငံတော်အစိုးရ၏ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်**

စာမျက်နှာ » ၁၀

ကြေးမုံ

# အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာပြန့်ပွား အမျိုးသားရေးစိတ်ဓာတ်ထက်သန်မြင့်မား

သမိုင်းစဉ်တစ်လျှောက်ကို လေ့လာကြည့်မည်ဆိုပါက ကမ္ဘာ့နိုင်ငံများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းတည်ဆောက်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ ထိုသို့ကြိုးပမ်းတည်ဆောက်နေကြရာတွင် နိုင်ငံ၏ ဘက်စုံအကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်များ နိုင်ငံသားတိုင်းတွင် မရှိမဖြစ်ရှိနေကြရန် အထူးလိုအပ်သဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ ပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ယနေ့ကမ္ဘာ့နိုင်ငံများ၏ ဖြစ်စဉ်ဖြစ်ရပ်များကို ကြည့်မည်ဆိုပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုသည် အခြားသောနိုင်ငံရေးများထက် အမျိုးသားရေးကို ဦးစားပေးဖော်ဆောင်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်ခိုင်ကျည်မြင့်မားပါမှ မိမိတို့၏ အမျိုးသား အကျိုးစီးပွားများကို ထိန်းသိမ်းမြှင့်တင် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ ယင်းအချက်ကို တွေးတောဆင်ခြင်မိကြသည့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတိုင်းသည် အမျိုးသားရေး၊ အမျိုးသားအကျိုးစီးပွားကို ဦးစားပေးဖော်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းတစ်ရာကျော် တည်တံ့ဖြစ်ထွန်းခဲ့သည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးသည် ဘာသာ၊ စာပေနှင့်ပတ်သက်၍ အစဉ်အလာမပျက်ဆက်လက်ပံ့ပိုးလျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာစာပေနှင့် ကိုယ်ပိုင်ဘာသာစကားများ ရှိပြီးသားထက် ဆက်လက်တိုးတက်မြင့်မားလာစေရန် ဘက်စုံထောင့်စုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ မြန်မာစာပေ၊ မြန်မာဘာသာစကားသည် နှစ်ပေါင်းရှည်ကြာ သမိုင်းအထောက်အထားခိုင်မာစွာဖြင့် တည်တံ့ထွန်းကားနေဆဲဖြစ်သည်။ မြန်မာစာ၊ မြန်မာစကားသည် မြန်မာတို့၏ အမျိုးသားရေးခွန်အားများဖြစ်သည်။

မြန်မာစကား၏တန်ဖိုးကို မိမိမွေးရပ်ဇာတိတိုင်းပြည်မဟုတ်သည့် နိုင်ငံရပ်ခြားတိုင်းပြည်ဒေသတစ်ခုသို့ ရောက်ရှိသည့်အခါမှသာ ပိုမိုနားလည်သိရှိကြသည်။ နိုင်ငံရပ်ခြားတွင် မြန်မာစကား၊ မြန်မာစာပေ ပြောခွင့်၊ သိခွင့်ရလိုက်သည့် အခြေအနေသည် မွေးရပ်မြေခြားရောက်သူများအတွက် တန်ဖိုးကြီးမားလှသည်။ ထိုအခါ မိမိတို့၏ ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်စာပေသည် မည်မျှလေးနက်သည်ကို သိလာကြသည်။ ဤမြေတွင်မွေး၊ ဤမြေတွင် ကြီးပြင်းသူတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်စာပေနှင့် ဘာသာစကားကို တန်ဖိုးထားကြရန်လိုသည်။ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေများ ပျောက်ဆုံးမှုကြောင့် တိုင်းပြည်ပါ ပျောက်သည်အထိ ဖြစ်ခဲ့ရသည့် သက်သေသာဓကများရှိသည်။

ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုတို့သည် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ၊ မျိုးချစ်စိတ်ဓာတ်များဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ခိုင်မာမှု၊ လျော့နည်းမှုတို့အပေါ်မူတည်ပြီး နိုင်ငံ၏ ဆူကြုံနိမ့်မြင့်အခြေအနေအမျိုးမျိုးကို ဖြတ်သန်းကြရသည်။ ကောင်းမွေ၊ ဆိုးမွေအသွယ်သွယ်တို့ဖြင့် နိုင်ငံ့ခရီးလမ်းကို လျှောက်လှမ်းကြရသည်။ ကြုံတွေ့ခဲ့ရသည့် အခြေအနေအမျိုးမျိုးတို့သည် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့အပေါ်တွင် မူတည်သည်။ ဖြစ်ပေါ်ခဲ့သော အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အတက်အကျတို့အပေါ် သင်ခန်းစာယူပြီး စည်းလုံးညီညွတ်သော နိုင်ငံတော်ကို တည်ဆောက်ကြရမည်ဖြစ်သည်။ တိုင်းပြည်၏ ပကတိလိုအပ်ချက်သည် ခိုင်မာအားကောင်းသည့် စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်ကို သတိချပ်ရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အမျိုး၊ ဘာသာ၊ သာသနာ၊ စာပေကို တန်ဖိုးထားသည့် စိတ်ဓာတ်များ လျော့နည်းလာသဖြင့် နိုင်ငံစည်းလုံးညီညွတ်မှု အားလျော့လာသည်ကို တွေ့ရမည်ဖြစ်သည်။ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို တန်ဖိုးထားလေးစားသည့် စိတ်ဓာတ်များကို ပြန်လည်မြှင့်တင်ပြီး မျိုးချစ်စိတ်ဓာတ်များ ထက်သန်မြင့်မားလာအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကချမှတ်ခဲ့သည့် "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကို အားပေးပါ"ဟူသည့် ရည်ရွယ်ချက်သည် ယနေ့ထက်တိုင် အသက်ဝင်နေဆဲဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်သည် မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်း ဆက်လက်ဆောင်ရွက်နေရမည့် သမိုင်းပေးတာဝန်ဖြစ်သည်။

အဆိုပါတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အမျိုးကိုချစ်သည့်စိတ်၊ ဘာသာကိုလေးစားသည့်စိတ်၊ သာသနာကိုထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်၊ ပညာကိုမြှင့်တင်ဆောင်ရွက်လိုသည့် စိတ်ဓာတ်၊ ခံယူချက်များဖြင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကိုယ်စီကိုယ်စီ တာဝန်သိသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၆

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် စာအုပ်အသင်းက စာပေဗိမာန်စာမူဆု စာပဒေသာ ပထမဆုရ **"အန်ကယ်ပညာ"** ရေးသားသည့် **"မေမေ့ဆံပင်နှင့် ဘဝလက်တစ်ကမ်းမှ စာတမ်းငယ်များ"** စာအုပ်ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၆

ယနေ့ မြန်မာစံတော်ချိန် ၀၃ နာရီ ၄၀ မိနစ် ၁၈ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မော်လိုက်မြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၉၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ၁၆ - ၁၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

★ ရှေ့ဖုံးမှ

### ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ရော်ဘာထုတ်လုပ်မှုများတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်များထုတ်လုပ်လျက်ရှိမှုနှင့် နေလှန်းဆားများထုတ်လုပ်၍ ပြည်ပသို့တင်ပို့နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME ထုတ်ကုန်များပြပွဲ၊ ပြိုင်ပွဲများကျင်းပပြုလုပ်လျက်ရှိမှု၊ ပြည်နယ်အတွင်း ပညာရေးကဏ္ဍ မြှင့်တင်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းများ၌ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များဖြင့် ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ခရီးသွားလာမှုများပြားသည့် ပြည်နယ်ဖြစ်သည့်အတွက် ဟိုတယ်နှင့်တည်းခိုခန်းများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစနစ်အသုံးပြု၍ လျှပ်စစ်မီးပေးနိုင်ရေး ရင်းနှီးမတည်ငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ မွန်ပြည်နယ်အတွင်း ခရီးစဉ်ဒေသများစွာဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်ထားရှိသဖြင့် လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းပြေးဆွဲပေးစေလိုမှု၊ မျိုးစေ့ထုတ်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးသန့်မျိုးပွားမျိုးစေ့ (RS)များ ပံ့ပိုးပေးစေလိုမှု၊ ရော်ဘာစိုက်ပျိုးမှုလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးချေးငွေများ ထပ်မံထုတ်ပေးစေလိုမှု၊ ပြည်နယ်အတွင်း ဆန်စက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီပေးစေလိုမှုနှင့် အခြားလိုအပ်သည်များကို ရှင်းတင်ပြကြသည်။

### တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

တင်ပြမှုများနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဟိုတယ်လုပ်ငန်းရှင်များ၏ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ထုတ်ချေးငွေများ ရရှိစေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ လေကြောင်းခရီးစဉ်တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ စပါးမျိုးသန့် မျိုးပွားမျိုးစေ့များ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးထားပြီး ထပ်မံလိုအပ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့်အခြေအနေနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးပေးထားပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်ထပ်မံလိုအပ်သည့် ရင်းနှီးမတည်ငွေများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ မျိုးကောင်းမျိုးသန့်များ လုံလောက်စွာရရှိစေရေး တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီ (ရိုဘတ်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြစ်စေရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ရော်ဘာအထွက်နှုန်းကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိမှု၊ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှုများ လျော့ကျလျက်ရှိမှု၊ ကမ်းရိုးတန်းဒီရေတောများ ပိုမိုတိုးချဲ့စိုက်ပျိုးပေးနိုင်မှု၊ သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုမရှိစေရေး သစ်ပင်သစ်တောများ တိုးချဲ့စိုက်ပျိုးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း ဝါးများ ပေါကြွယ်ဝစွာ ပေါက်ရောက်သည့်အတွက် ဝါးကိုအခြေခံသည့် ထုတ်ကုန်များကိုထုတ်လုပ်နိုင်မှု၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားသက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

### မွန်ပြည်နယ်ရှိ ဒေသခံများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် ဒေသစီးပွားရေး ကောင်းမွန်ရေးအတွက် ဆွေးနွေးမှာကြား

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုတစ်ကြိမ်မော်လမြိုင်ခရီးစဉ်၌ မော်လမြိုင်ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာမြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မွန်ပြည်နယ်သည် စီးပွားရေးတိုးတက်ကောင်းမွန်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း ပြည်တွင်း ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့် နေရာများစွာရှိကြောင်း၊ ထို့ကြောင့် “အိမ်သာမှ ဧည့်လာမည်”ဆိုသည့်အတိုင်း မိမိတို့ မြို့ရွာပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများလည်း များစွာရှိသဖြင့် ပြန်လည်ပြုပြင် ထိန်းသိမ်း၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း။

မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများလွတ်လပ်စွာ အပန်းဖြေ အနားယူနိုင်ရေးအတွက် လူသွားလမ်းအား အဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်သည့် နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ မော်လမြိုင်လေဆိပ်တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများ အနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မီးရထားပို့ဆောင်ရေးကဏ္ဍမြှင့်တင်နိုင်ရန်အတွက်လည်း ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည် ပြုပြင်ခြင်းများကို ဆောင်ရွက်လျက် ရှိကြောင်း၊ သို့သော် အချို့သော အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကုန်စည်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသော်လည်း အဖျက်သမားအချို့ကြောင့် တည်ဆောက်ပြီးလမ်း၊ တံတား၊ အဆောက်အအုံများ ပျက်စီးခဲ့ရမှုများရှိကြောင်း၊ ၎င်းတို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် နှောင့်နှေးနေရကြောင်း။

စာမျက်နှာ ၄ သို့ ★

○ ပညာရေးနှင့်ဆက်စပ်၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၌ အားကစားကို အဆင့်မီမီဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

○ ပညာသင်ယူရုံသာမက ကိုယ်လက်လှုပ်ရှား အားကစားကိုလည်း ဆောင်ရွက်မှသာလျှင် ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ထွက်ပေါ်လာမည်

○ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်သားသမီးများ အမှန်တကယ်စာတတ်မြောက်စေရေး၊ အနာဂတ်ဘဝလမ်းခရီးကို ပညာရပ်များအသုံးချ၍ ပင်ပန်းကြောင့်ကြမှုကင်းစွာ ဖြတ်သန်းသွားနိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ရမည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာမညအားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

★ စာမျက်နှာ ၃ မှ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကိုလည်း ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်က ထုတ်ချေးပေးထားသည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စနစ်တကျ ပြန်လည်ပေးဆပ်ကြရန်လည်း လိုကြောင်း။

မိမိတို့အနေဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ထိုက်သင့်သည့် ဈေးနှုန်းများ ဖြစ်စေရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးထားကြောင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များ လျော့နည်းလာမည် ဆိုပါက ပြည်တွင်း ကုန်ဈေးနှုန်းများလည်း ကျဆင်းလာမည် ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်း လိုအပ်သည့် ရောင်းလိုအားနှင့် ဝယ်လိုအားကို တွက်ချက်၍ ကုန်ထုတ်လုပ်မှုများကိုစနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့်ပိုလျှံသည့် ထုတ်ကုန်များကို အခြားဒေသများနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သဖြင့် ဒေသဝင်ငွေတိုးတက်မှုကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ဝမ်းစာဖူလုံမှုကို များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စပါးစိုက်ပျိုးမှုအပါအဝင် ပန်းတိုင်ရည်မှန်းချက်ပေးထားသည့် သီးနှံများ တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဆုံးရှုံးနေရကြောင်း၊ ထို့ကြောင့် တစ်ဧကအထွက်နှုန်းများ တိုးတက်စေရေးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စပါးတစ်ဧကအထွက်နှုန်းပြည့်မီရေးအတွက် နည်းစနစ်တကျစိုက်ပျိုးရန်လိုပြီး ပင်ကြားတန်းကြားများ ပြည့်မီအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် လေးမျိုးကို စနစ်တကျအသုံးချ၍ စိုက်ပျိုးဆောင်ရွက်သွားမည် ဆိုပါက တစ်ဧက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မွန်ပြည်နယ်နှင့် ပတ်သက်၍ ခရိုင်များအလိုက် စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ ထိုသို့ဖွင့်လှစ်ရာတွင် မွေးမြူရေးပညာရပ်အတွက် တက်ရောက်သည့် ကျောင်းသား ကျောင်းသူဦးရေမှာ နည်းပါးလျက်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဒေသ၏ကုန်ထုတ်လုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် လူသားအရင်းအမြစ်များကိုရရှိမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေး၌ အရေးပါသည့် အသား၊ ငါး၊ ဥများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် သက်သာသောဈေးနှုန်းရရှိစေရေး မွေးမြူရေးလုပ်ငန်းသည် အရေးကြီးကြောင်း၊ ဒေသအတွက်လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့် ဥများ၏ ဈေးနှုန်းများ တည်ငြိမ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ တိုးချဲ့ ဆောင်ရွက်သွားကြရန် လိုသကဲ့သို့ မီးဖိုချောင်သုံးသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် အသား၊ ငါးများကို အေးခဲအသား၊ ငါးများအဖြစ် အဆင့်မြှင့်ကုန်ချောထုတ်ကုန်များ ပြုလုပ်က ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါကလည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

- **စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ငရုတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏စီးပွားရေး ပိုမိုတိုးတက်လာနိုင်မည်ဖြစ်**
- **ကော်ဖီနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကို တွေ့ရ**
- **မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းဂွတ်၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာ တိုးတက်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုံးရေရရှိစေရေးအတွက်လည်း မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်**

ထိုကဲ့သို့ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသည့်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေး အထူးအလေးပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားသော်လည်း တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းမှာ နည်းပါးနေသေးသဖြင့် အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများ ယခင်ကထက်မြင့်မားလာစေရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်ပညာသင်ယူနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသည်အထိသာ ကျောင်းတက်ရောက်ခဲ့ရသူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု လမ်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ပါဝင်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင် ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးနှင့် ဆက်စပ်၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာ ကျောင်းများ၌ အားကစားကို အဆင့်မီမီဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာသင်ယူရုံသာမက ကိုယ်လက်လှုပ်ရှား အားကစားကိုလည်း ဆောင်ရွက်မှသာလျှင် ကျန်းမာကြံ့ခိုင် သန်စွမ်းသည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်သားသမီးများ အမှန်တကယ်စာတတ်မြောက်စေရေး၊ အနာဂတ်ဘဝလမ်းခရီးကို ပညာရပ်များအသုံးချ၍ ပင်ပန်းကြောင့်ကြမှုကင်းစွာ ဖြတ်သန်းသွားနိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုအားနည်းလာသဖြင့် အချို့သော နယ်စပ်ဂိတ်များကို ပိတ်ထားရကြောင်း၊ အချို့သော ဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုမရှိဘဲ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် တရားမဝင် ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို သက်ဆိုးရှည်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်အခများ ရရှိမှုမရှိသည့်အတွက် ထိခိုက်နစ်နာရလျက်ရှိကြောင်း၊ အလားတူ နယ်စပ်ဒေသများ၌ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) ကျူးလွန်နေသူများ မရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အခြေပြုဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများကိုပါ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အမြစ်ပြတ် ချေမှုန်းရှင်းလင်းသွားမည် ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ငရုတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ စီးပွားရေး ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကိုတွေ့ရကြောင်း၊ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းဂွတ်၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာတိုးတက်ဖြစ်ထွန်းလာစေနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်

စာမျက်နှာ ၅ သို့★

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

★ စာမျက်နှာ ၄ မှ

သုံးရေးရရှိစေရေးအတွက်လည်း မြစ်ရေတင် စီမံကိန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များ ပေးခဲ့ပြီး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်း၏ အသီးအပွင့်များကို အမှန်တကယ် အကျိုးခံစားရမည်မှာ ၎င်းဒေသတွင် နေထိုင်သည့် ဒေသခံများ ပင်ဖြစ်ကြောင်း၊ လူတစ်ဦးစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေး အားသည်လည်း ကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်အစိုးရအဖွဲ့ အားကစား နှင့် ကာယပညာဦးစီးဌာန ရာမည အားကစားကွင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ရှင်းလင်း ဆောင်ခန်းမတွင် ပြည်နယ် လူမှုရေးရာဝန်ကြီးက ရာမည အားကစားကွင်း တည်ဆောက်ထားရှိမှုအခြေအနေ၊ ပြည်နယ် ကျောင်းသား အားကစားကွင်း တည်ဆောက်ထားရှိမှုအခြေအနေ၊ လူငယ်စင်တာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ နှင့် ပြည်နယ်အားကစားဥယျာဉ် တည်ဆောက်ထားရှိမှုအခြေအနေ ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌက သိရှိလိုသည်များကို ပြန်လည် မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်းတွက်ချက်၍ ရေရှည်အကျိုးဖြစ်စေသည့် ဆောင်ရွက်မှုများဖြစ်ရန်လိုကြောင်း၊ အားကစားကွင်းများသည် အဆင့်မီရမည် ဖြစ်ပြီး အားကစားသမားများ အနေဖြင့် အဆင့်အတန်းရှိစွာဖြင့် ကစားနိုင်သည့် အနေအထား ဖြစ်ရန်လိုသကဲ့သို့ ပွဲကြည့် ပရိသတ်များအနေဖြင့် ပြည်နယ် အဆင့်နှင့်လျော်ညီစွာ ကြည့်ရှုအားပေးနိုင်ရမည် ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ရာမညအားကစားကွင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင် ပညာရေးဒီဂရီကောလိပ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးခဲ့ပြီး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

**○ ထိုသို့ဆောင်ရွက်ပေးခြင်း၏ အသီးအပွင့်များကို အမှန်တကယ် အကျိုးခံစားရမည်မှာ ၎င်းဒေသတွင် နေထိုင်သည့် ဒေသခံများပင်ဖြစ်ကြောင်း၊ လူတစ်ဦးစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေး အားသည်လည်း ကောင်းလာနိုင်မည်**

**○ မွန်ပြည်နယ်အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလို**

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစု အတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင် တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူ ထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေ ပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံ ကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။





နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာဆောင်ရွက်နေမှု အခြေအနေများအား စစ်ဆေး နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက် ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေ အနေများအား စစ်ဆေးသည်။

ဦးစွာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်က တိုင်းစစ်ဌာန ချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်နေမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လမ်းပန်း ဆက်သွယ်မှုများ ကောင်းမွန်ရေးနှင့် လုံခြုံမှုရှိစေ ရေး ဆောင်ရွက်လျက်ရှိမှု၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်း များ လုပ်ဆောင်လျက်ရှိသော တရားမဝင် ဆောက်လုပ်ထား သည့် KK Park အဆောက်အအုံ များအား ရှင်းလင်းဆောင်ရွက် လျက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများမရှိစေ ရေး၊ တရားဥပဒေစိုးမိုးရေး၊ အွန်လိုင်း အသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်း လောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ မရှိစေရေး အလေးထားဆောင် ရွက်လျက်ရှိမှုနှင့် အခြားလိုအပ် သည်များကို ရှင်းလင်းတင်ပြ သည်။

**ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လို**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေး ကော်မရှင်ဥက္ကဋ္ဌက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေ စိုးမိုးရေး လုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင် ရန်လိုကြောင်း၊ ဒေသတွင်းလုံခြုံ ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲ ဂရုပြုနေရန်နှင့် အလေးအနက် ထား ဆောင်ရွက်သွားရန် လိုကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်သည့် လုပ်ဆောင် သင့် လုပ်ဆောင်ထိုက်သည်များ အားလုံးကိုလည်း အမြဲမပြတ် ဆောင်ရွက်နေရန် လိုကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မဟာဗျူဟာအရအရေးကြီးသည့် လမ်းကြောင်းများအားလုံး လုံခြုံ ချောမွေ့စွာဖြင့် သွားလာအသုံးပြု နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများကိုလည်း မိမိ တို့အနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ၍ ဆက်လက် ရှင်းလင်းတိုက်ဖျက် ဆောင်ရွက်သွားရမည် ဖြစ် ကြောင်း။

တိုင်းစစ်ဌာနချုပ် နယ်မြေ အတွင်းရှိ တပ်များအားလုံး၊ စစ်သည်များ အားလုံးအနေဖြင့် စစ်သည်တော်ကောင်း စိတ်ဓာတ် ဖြင့် မိမိတို့တပ်ဖွဲ့၊ အဖွဲ့အစည်း၏ ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက် သွားကြရန်လိုကြောင်း၊ စည်းကမ်း စနစ်တကျရှိပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝသည့် တပ်များဖြစ်စေရေးအတွက်လည်း ကြပ်မတ် လေ့ကျင့်ဆောင်ရွက် နေရမည်ဖြစ်ကြောင်း၊ ကာကွယ် ရေးစွမ်းပကား မြင့်မားစေရေး အတွက်လည်း မိမိတို့တပ်ရင်း၊ တပ်ဖွဲ့များအလိုက် လေ့ကျင့်ရေး လုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စစ်သည် တစ်ဦးတစ်ယောက် ချင်းစီအလိုက် တိုက်ပွဲဝင်လိုသည့် စိတ်ဓာတ်၊ တိုက်ပွဲဝင်ရဲသည့် စိတ်ဓာတ်များ ရှိစေရေးအတွက် လည်း လုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ မကြာမီကျင်းပ ပြုလုပ်သွားမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စေရေးအတွက်လည်း လိုအပ်သည်များကို အလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွား ဖော်ဆောင်ရေး တို့ကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ အနေဖြင့် တတ်စွမ်းသရွေ့ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား အားပေးစကား ပြောကြားစဉ်။

**ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေး**

ယင်းနောက် နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် မော်လမြိုင်တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက် ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံ ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုအခြေအနေ၊ ရောဂါ ကုသပျောက်ကင်းမှု အခြေအနေ ကို တစ်ဦးချင်း လိုက်လံ တွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည် များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံ လိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄၁ ရက်**

**သာ လိုတော့သည်။**

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြု စနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇ - ၁၁ - ၂၀၂၅ ရက်နေ့မှ ၂၁ - ၁၁ - ၂၀၂၅ ရက်နေ့အထိ နံနက် ၀၉ ၀၀ နာရီမှ ညနေ ၁၆ ၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲနှင့် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ



**မြစ်ကြီးနား နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူမျိုးပေါင်းစုံ ယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနား တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် မြန်မာ-တရုတ်-အိန္ဒိယ ကုန်စည်စီးဆင်းဖလှယ်ရေးအသင်း ဥက္ကဋ္ဌတို့က လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်အတွင်း ရှိ ဌာနေတိုင်းရင်းသားများ ဖြစ်ကြသည့် ဂျိမ်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်းဝါး၊ လီဆူ၊ ရဝမ် မျိုးနွယ်စုခြောက်မျိုး၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာ တိုင်းရင်းသား မျိုးနွယ်စုတို့နှင့် အတူ ယှဉ်တွဲနေထိုင်လျက်ရှိကြသည့် ကရင်၊ ရခိုင်၊ ချင်း တိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှု အကအဖွဲ့များ၊ တရုတ်၊ ဂေါ်ရခါး၊ ဆစ်ယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်း အကအဖွဲ့ ၂၂ ဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအလိုက် ဓလေ့ထုံးစံများကို ထုတ်ဖော်ပြသသည့် တေးသီချင်း၊ သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေကပြတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အကအဖွဲ့ ၂၂ ဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၂၀ ကို အကအဖွဲ့များထံ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည့် ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဖလား တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးကြသည်။ ဗိုလ်လုပွဲစဉ်အဖြစ် လာချိဒ် တိုင်းရင်းသား မျိုးနွယ်စုဘောလုံးအသင်းနှင့် ဇိုင်းဝါးတိုင်းရင်းသားမျိုးနွယ်စု ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ဇိုင်းဝါးမျိုးနွယ်စုအသင်းက သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးက အသင်းလိုက် တတိယဆုရသည့် လော်ဝေါ်မျိုးနွယ်စု အသင်းအား တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အသင်းလိုက် ဒုတိယဆုရ လာချိဒ်မျိုးနွယ်စု အသင်းအား တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရ ဇိုင်းဝါးမျိုးနွယ်စုအသင်းအား တစ်ဦးချင်း လည်ဆွဲ ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀ နှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံတွင်ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးနှင့် ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံတရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. Sundaresh Menon ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် “(၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး”သို့ တက်ရောက်သည်။

အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသည် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသော အစည်းအဝေးဖြစ်ပြီး အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။




နိုဝင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုတရားသူကြီးချုပ်သည် စင်ကာပူနိုင်ငံ တရားရုံးချုပ်၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသို့ တက်ရောက်ပြီး အခြားအာဆီယံတရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ၏ အာဆီယံတရားရေးပေါ်တယ် (ASEAN Judiciaries Portal) လုပ်ငန်းအဖွဲ့၊ တရားမမှုခင်းများဆိုင်ရာ (Civil Proceedings) လုပ်ငန်းအဖွဲ့၊ မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးနည်းပညာဆိုင်ရာ (Case Management and Court Technology)လုပ်ငန်းအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် သင်ကြားရေးဆိုင်ရာ (Judicial Training and Education)လုပ်ငန်းအဖွဲ့၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ်အငြင်းပွားမှုများဖြေရှင်းရေး (Cross-Border Disputes Involving Children) လုပ်ငန်းအဖွဲ့၊ ဗီဒီယိုကွန်ဖရင့်ဖြင့် အမှုကြားနာစစ်ဆေးခြင်းဆိုင်ရာ (Conduct of Video Conferencing Hearings) လုပ်ငန်းအဖွဲ့၊ အာဆီယံနှင့် အခြားမိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်းဆိုင်ရာ (ASEAN + Meetings) လုပ်ငန်းအဖွဲ့နှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှု (Climate Justice)လုပ်ငန်းအဖွဲ့တို့က ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရရှိသည့်အောင်မြင်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို အာဆီယံတရားသူကြီးချုပ်များ ကောင်စီသို့ တင်ပြအတည်ပြုချက်ရယူကြရာ ပြည်ထောင်စုတရားသူကြီးချုပ်က မြန်မာနိုင်ငံတရားစီရင်ရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးရလဒ်ဖြစ်သည့် စင်ကာပူကြေညာစာတမ်းကို အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အားလုံးက ပါဝင်လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက်တွင် စင်ကာပူနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးတရားရုံးနှင့် စင်ကာပူနိုင်ငံဥပဒေအကယ်ဒမီတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာအငြင်းပွားမှုများဆိုင်ရာ ဆွေးနွေးပွဲ (SICC-SAL Seminar on International Disputes)၊ နိုဝင်ဘာ ၁၄ ရက်တွင် လူမွဲခံယူခြင်းဆိုင်ရာ အာဆီယံတရားသူကြီးများအစည်းအဝေး (ASEAN Insolvency Judges Meeting)၊ အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်ဥပဒေကျင့်သုံးမှုဆိုင်ရာ ဆွေးနွေးပွဲ (Seminar on Transnational Practice of Law in ASEAN)၊ လူမွဲခံယူခြင်းဆိုင်ရာ အာဆီယံတရားသူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး (ASEAN Insolvency Judges and Practitioners Meeting)နှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အာဆီယံတရားသူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး (ASEAN IP Judges and Practitioners Meeting) တို့သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ကန့်ဘလူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မုံရွာ နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကန့်ဘလူမြို့ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်ဆွေးနွေးပွဲသို့ တက်ရောက်နေသည့် ကန့်ဘလူမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ ဆရာ ဆရာမများကို အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန့်ဘလူမြို့နယ် တောက္ကရုပ်-မင်းကုန်းလမ်းကွန်ကရစ်လမ်းခင်းရန် အောက်ခံကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မူးဘောင်လမ်းမှ ကံရိုးရွာအဝင်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကန့်ဘလူမြို့နယ် တောက္ကရုပ်ကျေးရွာ အုပ်စု တောင်သူဦးဌေးသိန်း စိုက်ပျိုးထားသည့် မကွေး-(၁၆) မြေပဲစိုက်ခင်းနှင့် ကံရိုးကျေးရွာ တောင်သူ ၁၄ ဦး စုပေါင်းစိုက်ပျိုးထားရှိသည့် မကွေး-(၁၆) မြေပဲစိုက်ခင်းအတွင်းကျင်းပသည့် ဆီထွက်သီးနှံ(ဆောင်းမြေပဲ) ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ယူရီးယား+လက်ချား (ဘိုရွန်)ပက်ဖျန်းခြင်းကွင်းသရုပ်ပြနေမှုကို ကြည့်ရှုအားပေးပြီး ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး မှာကြားသည်။



ယင်းနောက် ကန့်ဘလူမြို့နယ် သာယာတဲစုကျေးရွာရှိ ဦးသန်းလှိုင်၏ ငါးကန်အတွင်း ငါးတန်၊ ငါးမုတ်နှင့် ငါးမြစ်ချင်းကောင်ရေ ၇၅၀၀၀ မွေးမြူထားရှိမှုနှင့် တောက္ကရုပ်ကျေးရွာရှိ တစ်ရက်လျှင် ဆန်တင်း ၅၀၀ နှင့် မြေပဲတင်း ၆၀ ကြိတ်ခွဲနေသည့် “ကိုတိုး” ဆန်စက်နှင့် ဆီစက်၌ ကုန်ကြမ်းရရှိမှုနှင့် ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လသာမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တံတားခရိုင် လသာမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဗိုလ်ရွဲလမ်းရှိ အလက(၁) စာသင်ကျောင်းခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစု လီမိတက် ဥက္ကဋ္ဌ ဦးအောင်လှက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းများအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လသာမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အုပ်ချုပ်မှုဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးက ဖတ်ကြားတင်ပြပြီး အသင်းဝင်အသင်းများ၏ အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်းနှင့် အလက(၁)ကျောင်းကိုဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **နေလင်း(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်အသိပညာပေး ဆွေးနွေး

ဆိပ်ဖြူ နိုဝင်ဘာ ၁၆

ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ မုန်တိုင်းဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။




**ရှင်းလင်းဆွေးနွေး**

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်က မုန်တိုင်းဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူလဲ့ဇင်က မုန်တိုင်းဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ၊ ကြိုတင် ပြင်ဆင်ထားရမည့်အချက်များနှင့် ဆောင်ရန်ရှောင်ရန်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရီရီချို(ပြန်/ဆက်)**

# တရုတ်-မြန်မာ (၇၅)နှစ်မြောက် သံတမန်ဆက်ဆံရေးထူထောင်ခြင်းအထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် တရုတ်ပုံရိပ်ရုပ်ရှင်ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၆**

တရုတ်-မြန်မာ (၇၅)နှစ်မြောက် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း အထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေး မြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတား မြို့နယ်ရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ မိတ်ဆက်ဗီဒီယိုကိုပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စမာကျားက အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခင်က တရုတ်နိုင်ငံမှ လာရောက်ကျင်းပသည့် ရုပ်ရှင်ပွဲတော်များကို ရန်ကုန်၊ မန္တလေးမြို့ကြီးတို့တွင် နှစ်စဉ်ကျင်းပခဲ့သည်ဟု သိရပါကြောင်း၊ မြန်မာပရိသတ်များအနေဖြင့် တရုတ်ရုပ်ရှင်ဇာတ်ကားများကို ယခင်ကတည်းက နှစ်ခြိုက်ကြသည့်အတွက် တရုတ်ရုပ်ရှင်ပွဲတော်များတွင် စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးခဲ့ကြပါကြောင်း၊ နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ဆက်ဆံရာတွင် အချို့ပရိသတ်များသည် ဘာသာစကား နားမလည်သည့်တိုင် ရုပ်ရှင်၏ ရိုက်ကူးဖော်ပြချက်များကြောင့် လူသားအချင်းချင်း၊ နှလုံးသားချင်း၊ ရင်ဘတ်ချင်း နားလည်မှုရရှိပြီး ပိုမိုရင်းနှီးလာစေပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အကြားတွင် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင်လည်း နှစ်နိုင်ငံ ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက် ရှိပါကြောင်း။

ယနေ့ကျင်းပသည့် ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာရုပ်ရှင်ပွဲတော် ဖွင့်ပွဲကိုလည်း မြန်မာပရိသတ်များ အနေဖြင့် တရုတ်နိုင်ငံအကြောင်းကို ပိုမိုသိရှိနားလည်ပြီး နှစ်နိုင်ငံ အကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အရှိန်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ကို ကောင်းမွန်သည့် အစဉ်အလာအဖြစ် ထိန်းသိမ်းရင်း နောင်လာမည့် နှစ်များတွင်လည်း ယခုထက်ဇာတ်ကားအရေအတွက် ပိုမိုပြသနိုင်ရန်နှင့် ပွဲတော်များကို ဆက်လက် ကျင်းပနိုင်ပါစေကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုခိုင်မြဲပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး “ဂူခုန်း” ရုပ်ရှင်ဇာတ်ကားပြသမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ် ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဂူခုန်း၊ မင်္ဂလာပါ မေမေ၊ လကမ္ဘာစွန့်စားခန်း၊ သူရဲကောင်းရှစ်ရာ၊ ချစ်သော ဇာတိမြေ၊ စာဆိုတော်နှင့် ကြောင်နက်ရှင်၊ ကန္တာရခရီးသမား၊ အလွဲများနှင့်ဘဝဟူသည့် မြန်မာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ရှစ်ကားကို အခမဲ့ပြသသွားမည်ဖြစ်ကာ အမည်စာရင်းပေးသွင်း၍ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

နံနက်ပိုင်း ကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာ အဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥက္ကဋ္ဌ၊ ရွှေတောင်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံအား ၂၀၂၆ ခုနှစ် မတ်လမတိုင်မီ ပြင်ဆင်ဆောင်ရွက်ပေးရန်နှင့် စံချိန်စံညွှန်းပြည့်ဝစွာ ပြင်ဆင်ပေးရန်၊ ထိုင်ခုံခင်းကျင်းမှုနှင့် အသံစနစ်၊ မီးစနစ်များ ကောင်းမွန်စေရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝဇီရာရုပ်ရှင်ရုံရှေ့ မြန်မာ့မီးရထားပိုင် မြေနေရာ၌ ယာဉ်ရပ်နားရန် လျာထားဆောင်ရွက်သွားမည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)အစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပြည်သူ့အသိပညာပေးအစီအစဉ် (Public Service Announcement– PSA) အား နာမည်ကျော် အနုပညာရှင်များ ဖြစ်ကြသည့် ရဲလေး၊ ဟဲလေး၊ မင်းစည်သူ၊ မျိုးမြတ်သူ၊ စိန်ဖြိုးလှိုင်၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်၊ မေမဒီနှင့် ရီရီပွင့်ဖြူတို့နှင့် ရိုက်ကူးရေး ဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အနုပညာရှင်များကို တွေ့ဆုံပြီး ရွေးကောက်ပွဲတွင် ပြည်သူများ လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်စွာအသိပညာပေးနိုင်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသော ပြည်သူများအနေဖြင့် မဲပေးခွင့် မဆုံးရှုံးစေရေးနှင့် နိုင်ငံနှင့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်နိုင်မည့် သူများအား မှန်ကန်စွာ ရွေးချယ်မဲပေးနိုင်ရေးတို့အတွက် အနုပညာရှင်များက ယခုကဲ့သို့ ဆန္ဒအလျောက် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုအပေါ် ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ အနုပညာရှင်များ အနေဖြင့်လည်း ပြည်သူချစ်သော အနုပညာရှင်များအဖြစ် အစဉ်အမြဲရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားကာ နေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒလမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား လူငယ်စကားဝိုင်းကျင်းပ




**ဒလ နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား လူငယ်စကားဝိုင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် အထက ရခိုင်ချောင်ကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရွှေလှိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာဝင်းက ဦးဆောင် ဆွေးနွေးခဲ့ကာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အာဃာတ၊ လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ကျန်းမာရေးနှင့် လူငယ်နှင့်အားကစား ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရဲရင့်သူ(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ ရှမ်းစာပေယဉ်ကျေးမှုဆိုင်ရာ ဟောပြော

**တိုက်ကြီး နိုဝင်ဘာ ၁၆**

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ တိုင်းရင်းသားရေးရာဝန်ကြီး၏ ကြီးကြပ်မှု၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ(တိုက်ကြီး)တို့ ပူးပေါင်း၍ ရှမ်းနှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် ရှမ်းစာပေယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲနှင့် သင်္ကြံပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းစုရပ်ကွက်ရှိ ရှမ်းကျောင်းကြီး နီးဘုရားဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ တိုက်ကြီးမြို့နယ်အတွင်းမှ တက်ရောက်လာသည့် ရှမ်းတိုင်းရင်းသားများက သင်္ကြံအဘိုး အဘွားများအား ဩကာသကန့်တော့ချီးဖြင့် ပူဇော်ကန်တော့သည်။ ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပရာ ရှမ်းတောင်တန်း ဆရာတော်အရှင်အကျိုရာနန္ဒက လက်ဆင့်ကမ်းအမွေဖြန့်ဝေခြင်းနှင့် ခံယူခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ ဒေါ်နန်းယဉ်ယဉ်ဝင်းက ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ဆက်လက်ထိန်းသိမ်းရေးနှင့် မိဘဆရာများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

ထို့နောက် တိုက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၂ ကျောင်းမှ ရှမ်းကလေးငယ်များက ရှမ်းကဗျာများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အွန်လိုင်းရာဇဝတ်ဂိုဏ်းများ၏ လိမ်လည်ငွေရှာမှုများကို သိရှိရှောင်ရှား

## နိုင်ငံတော်အစိုးရ၏ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်

မင်းပြည့်စုံ

ပညာအရည်အချင်းမလို၊ သက်မွေးမှုအတတ်ပညာမလို၊ ပင်ပင်ပန်းပန်းလုပ်စရာမလိုဆိုသည့် အလုပ်ခေါ်စာများ၏ နောက်ကွယ်၊ ဖုန်းမဲပေါက်ပါသည်၊ အဲကွန်းမဲပေါက်ပါသည်ဟုဆိုသော မက်လုံးမဲများ၏နောက်ကွယ်၊ ချောမောလှပသည့် ရုပ်ရည်အသွင်အပြင်ကို လူမှုမီဒီယာတွင် ဖော်ပြထားပြီး ချိုသာသော စကားလုံးများဖြင့် ဆွဲဆောင်မှု၏နောက်ကွယ်၊ အွန်လိုင်းလောင်းကစားအမျိုးမျိုး၏နောက်ကွယ်တွင် ရှုပ်ထွေးပွေလီစွာ လိမ်ညာလှည့်ဖြားမည့် ဇာတ်လမ်းများစွာ ရှိနေသည်။

အဓိကအားဖြင့် အလုပ်လိုသူကို အလုပ်နှင့် မက်လုံးပေးခြင်းက တစ်မျိုး၊ ငွေကြေးလိုအပ်သူကို ငွေကြေးနှင့် မက်လုံးပေးခြင်းက တစ်နည်း၊ အလှကြိုက်သူကို ရုပ်ရှိရေလျှံ အယောင်ဆောင် ဇာတ်လမ်းဆင်ခြင်းက တစ်ဖုံ၊ ငွေကြေးအင်အားတောင့်တင်းသူထံမှ ငွေချူနည်းက တစ်သွယ် အမျိုးမျိုး၊ အဖုံဖုံ ဇာတ်လမ်းအစုံစုံဖြင့် လုပ်ကြံလိမ်လည်မှုများက ရှုပ်ထွေးများပြားလှသည်။



မြဝတီ–မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံကို တွေ့ရစဉ်။

ဇာတ်လမ်းအဆုံးတွင် အလိမ်ခံသူများ၏ ဘဝသည် ယိမ်းယိုင်ကြရသည်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာကြရသည်။ တစ်ဖက်မှာလည်း ဇာတ်လမ်းမျိုးစုံဖြင့် လိမ်လည်ငွေကြေးရယူနိုင်ရန် အတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်အတွက် သားကောင်း၊ သမီးကောင်းရတနာများ၏ ဘဝကို စတေးကြရသည်။ အလုပ်အကိုင် အခွင့်အလမ်း ခေါင်းစဉ်အောက်တွင် အနာဂတ် ပျောက်ရကြရသည်။

အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်လုပ်ငန်းများတွင် လုပ်ကိုင်နေသူအများစုမှာ လိမ်လည်စုဆောင်းခံရသူများဖြစ်ကြသည့်အပြင် လူကုန်ကူးခံရသူများလည်း ပါဝင်နေပြီး နေ့စဉ် အလုပ်ချိန် ၁၂ နာရီမှ ၁၄ နာရီအထိ လုပ်ကိုင်ကြရသည်ဟု ဆိုကြသည်။ နစ်နာသူအလုပ်သမားအများစုသည် ဖွင့်ဟဖော်ထုတ်ရန် ခက်ခဲသောအခြေအနေနှင့် ရင်ဆိုင်ရပြီး ငွေလိမ်လုပ်ငန်းများ၏ ကျေးကျွန်ဖြစ်သွားရသည်။

၎င်းတို့သည် အများအားဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆွဲဆောင်ခြင်း၊ အွန်လိုင်းလောင်းကစားခြင်း၊ ငွေချေးခြင်း၊ ချစ်သူရည်းစားအဖြစ်ဟန်ဆောင်ပြီး လိမ်လည်ငွေညှစ်ခြင်း အစရှိသော လိမ်လည်မှုအကြောင်းအရာမျိုးစုံကို အွန်လိုင်းမှတစ်ဆင့် လုပ်ကိုင်ရပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်း ဦးဆောင်လုပ်ကိုင်သူများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံချီသော ငွေရပေါက်လိမ်လည်မှုလုပ်ငန်းများ ဖန်တီးပေးကြရသည်။

ထိုကဲ့သို့ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ ပြည်ပနိုင်ငံသားများသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကို ကျူးလွန်ခဲ့ကြသည်။

ထိုကဲ့သို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်နေသည်။

“KK Park မှာ အသုံးပြုတဲ့ ပစ္စည်းအများစု၊ ၁၀၀ မှာ ၉၀ ရာခိုင်နှုန်းလောက်က ထိုင်းနိုင်ငံဘက်က လာကြတယ်။ သူတို့က ကျွန်တော်တို့ မြန်မာနိုင်ငံက ပစ္စည်းတွေကို ဘာဆိုဘာမှ မသုံးကြပါဘူး။ တရားမဝင်ဂိတ်တွေကနေတစ်ဆင့် ထိုင်းနိုင်ငံကလာတဲ့ လျှပ်စစ်ပစ္စည်းကအစ တစ်ကိုယ်ရေသုံးပစ္စည်းအထိ အားလုံးက ထိုင်းနိုင်ငံက တင်သွင်းတာချည်းပါပဲ။ တရားမဝင်ဂိတ်တွေက ကျွန်တော်တို့ တိုင်းရင်းသားတွေနဲ့ နိုင်ငံ့အကျိုးစီးပွားအတွက် မဟုတ်ပါဘူး။ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အကျိုးစီးပွားတွေပဲ ဖြစ်တယ်” ဟု KK Park နယ်မြေအနီးတွင် တည်ရှိသည့် အင်ကြင်းမြိုင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ထိုကဲ့သို့ တရားမဝင်နည်းလမ်းဖြင့် ဝင်ရောက်လာသူ ပြည်ပနိုင်ငံသားများက ဖွံ့ဖြိုးမှုနည်းသော၊ တရားဥပဒေစိုးမိုးမှုအားနည်းသော၊ နယ်စွန်နယ်ဖျားကျသော တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထိစပ်ရာနယ်နိမိတ်နေရာများကို လိမ်လည်လှည့်ဖြားမှု လုပ်ငန်းများအတွက် အခြေတည် ရွေးချယ်အသုံးပြုကြသည်။

“ကျွန်တော်တို့ဒေသက လက်နက်ကိုင်တွေရှိတဲ့၊ တရားဥပဒေစိုးမိုးမှုနည်းတဲ့ ဒေသဖြစ်တဲ့အတွက် တပ်မတော်နဲ့ တိုက်ပွဲတွေဖြစ်တဲ့အချိန်မှာ ရှောင်ရတာတွေရှိတယ်။ ဒီဘက်ကနေ သူတို့ဘက်သွားရင် ထိုင်းစစ်သားတွေက စုရပ်တစ်ခု လုပ်တယ်။ အဲဒီနေရာကလွဲပြီး ဘယ်မှမသွားရဆိုပြီး တစ်နေရာတည်းမှာ နေခိုင်းတယ်။ တိုက်ပွဲရှောင်တဲ့အနေနဲ့ နိုင်ငံတကာအထောက်အပံ့တွေ ကျွန်တော်တော့ မရဖူးပါဘူး။ ရတဲ့သူတချို့တော့ ရှိပါတယ်။ အကောင်းစားတွေ မဟုတ်ပါဘူး။ ဥပမာ ထမင်းထုပ်၊ စောင်၊ အင်္ကျီတွေ ပေးတယ်လို့ ပြောတယ်။ ဘေထုပ်က ပစ္စည်းတွေပါ။ ပေးရင်လည်း မှတ်တမ်းတင်တာတွေ လုပ်တယ်တဲ့။ တိုက်ပွဲရှောင်တွေ သောင်ရင်းမြစ်ကူးလာတာကစပြီး မှတ်တမ်းတင်ကြတယ်။ တိုက်ပွဲရှောင်ဆိုပြီး ထိထိရောက်ရောက် လုပ်ပေးတာ မရှိပါဘူး။ နိုင်ငံတကာက ထောက်ပံ့ထားတဲ့ တိုက်ပွဲရှောင်တွေအတွက် ဒုက္ခသည်စခန်းဆိုပြီး ဖွင့်ထားတာတွေရှိတယ်။ အဲဒီမှာ ကျွန်တော်တို့ကို နိုင်ငံတကာကိုပြပြီး အထောက်အပံ့တွေကို ရယူတယ်။ မျောက်ပြ ဆန်တောင်းတဲ့ ပုံစံပေါ့။ ဒါတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေအနေနဲ့ သိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့က လက်တွေ့ကြုံခဲ့ရတော့ သိတယ်”ဟု အင်ကြင်းမြိုင်ကျေးရွာမှ ဒေသခံတစ်ဦးက ဆိုသည်။ **စာမျက်နှာ ၁၁ သို့** ■

**“နိုင်ငံတော်အစိုးရအနေနဲ့ အခုလို အွန်လိုင်းလိမ်လည်မှုတွေကို အဆက်မပြတ် အမြစ်ကနေဖယ်ရှားနေတာကို လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်။ KK Park မြေနေရာဟာ အရင်က ကျွန်တော်တို့ရဲ့လယ်ယာမြေတွေ၊ ဥယျာဉ်ခြံမြေတွေဖြစ်ပါတယ်။ ဒေသခံတောင်သူတွေဆီက ပိုက်ဆံပိုပေးပြီးဝယ်ကြတယ်။ ပြီးတော့ သူတို့က အဆောက်အအုံတွေဆောက်ကြတယ်။ ဒီလိုဆောက်လုပ်ပြီး မြို့မှာလိုပဲ အထဲမှာအကုန်ရှိတယ်ဆိုတာတော့ ကြားဖူးတယ်။ ဘာလုပ်ငန်းတွေ လုပ်နေတယ်ဆိုတာ မသိရဘူး။ မြင်လည်းမမြင်ရဘူး။ အဲဒီထဲကို ဝင်ဖို့၊ ထွက်ဖို့ကလည်း မလွယ်ဘူး။ အုတ်တံတိုင်းကြီးတွေကာရံပြီးတော့ CCTV တွေ တပ်ထားတယ်၊ လုံခြုံရေးလည်း တင်းကျပ်တယ်။ ကျွန်တော်တို့ ဒေသခံတော်တော်များများက အဲဒီထဲကို မရောက်ဖူးကြဘူး။ ရောက်ဖူးတဲ့သူကလည်း အလုပ်ကြမ်းသွားလုပ်တာပါ။ ဝင်ဖို့၊ ထွက်ဖို့ခက်တော့ အဲဒီမှာမလုပ်ကြဘူး။ သူတို့တွေက တရားမဝင် လောင်းကစားလုပ်တယ် ပြောကြတယ်။ ကျွန်တော်တို့ ဒေသခံတွေက ကိုယ့်ဒေသမှာ တရားဝင်ဖြစ်တဲ့ ကုန်ထုတ်လုပ်တဲ့အလုပ်တွေကိုပဲ လုပ်စေချင်တယ်။ ဒါမှ ကျွန်တော်တို့ ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရပြီး အဆင်ပြေကြမှာ ဖြစ်ပါတယ်” ဟု မဲ့ထော်သလေးကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်**

**“ယခုအခါ နိုင်ငံသူ၊ နိုင်ငံသားများအတွက် အန္တရာယ်ကြီးမားသည့် အွန်လိုင်းရာဇဝတ်ဂိုဏ်းများအား နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူလျက်ရှိပြီး ထိုသို့စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်ရာတွင် ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ် အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေးရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရ”**



မြဝတီ-မွဲထော်သလေး KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

■ စာမျက်နှာ ၁၀ မှ

လတ်တလော မြန်မာနိုင်ငံ မြဝတီနယ်စပ်တွင် အခြေတည်ထားသော KK Park အရေးက အရှေ့တောင်အာရှနိုင်ငံများတွင် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သည်။ မီဒီယာစာမျက်နှာများတွင် ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရေး အလေးပေးဖော်ပြခဲ့ကြသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကရင်ပြည်နယ် မြဝတီမြို့ မွဲထော်သလေး KK Park နယ်မြေတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စဉ်ဆက်မပြတ် စစ်ဆေးဖော်ထုတ်လျက်ရှိသည်။

ထိုကဲ့သို့ စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ပြည်နှင်ဒဏ်ပေးနိုင်ရေး လုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်၍ သက်ဆိုင်ရာ နိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ယင်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အတူ တရားမဝင်ကုန်သွယ်မှုပြုသည့် လက်နက်ကိုင်အကြမ်းဖက်သူများ၏ လမ်းကြောင်းများကိုလည်း ပိတ်သိမ်းဖျက်ဆီးမှုများ ဆောင်ရွက်နေပြီဖြစ်သည်။

တစ်ချိန်တည်းတွင် အဆိုပါ အွန်လိုင်းအခြေပြု လိမ်လည်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှဒေသနိုင်ငံများအကြား ပျံ့နှံ့နေသည်မှာ မီဒီယာများ၏ ဖော်ပြလာမှုကြောင့် ဆိုသည်မှာ ပေါ်လွင်လာသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အွန်လိုင်းမှုခင်းများနှင့်စပ်လျဉ်း၍ မသင်္ကာသူ တရုတ်နိုင်ငံသား ၈၈ ဦးကို ဩဂုတ်လ ၂၉ ရက်နေ့က ဖမ်းဆီးခဲ့ရကြောင်း သတင်းမီဒီယာများ၏ ဖော်ပြမှုအရ သိရသည်။ ထို့အတူ ထိုင်းနိုင်ငံတွင်လည်း ဩဂုတ်လလယ်ပိုင်းက အွန်လိုင်းငွေကြေးလိမ်လည်မှုများကို ဖော်ထုတ်နှိမ်နင်းမှုများမှတစ်ဆင့် မြန်မာအမျိုးသမီးတစ်ဦး အပါအဝင် တရုတ်နိုင်ငံသူ နိုင်ငံသားအချို့၊ ထိုင်းနိုင်ငံသားအချို့တို့ကို ဖမ်းဆီးရမိခဲ့သည့်အပြင် လိမ်လည်မှုလုပ်ငန်းနှင့်ပတ်သက်သည့် တန်ဖိုးကြီး ဇိမ်ခံကားများ၊ အိမ်ခြံမြေစာချုပ်စာတမ်းများ၊ ငွေသားများကိုပါ သိမ်းဆည်းနိုင်ခဲ့သည်ဟု သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအပါအဝင် အရှေ့တောင်အာရှနိုင်ငံများရှိ သက်ဆိုင်ရာ အစိုးရအဖွဲ့များပူးပေါင်းကာ ဒေသတွင်း အွန်လိုင်းရာဇဝတ်မှုခင်းများ မြင့်တက်နေခြင်းအပေါ် အပူတပြင်းအရေးယူတုံ့ပြန်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထိုကဲ့သို့ အရေးယူ တုံ့ပြန်ဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအစိုးရက အိမ်နီးချင်းနိုင်ငံများ၏ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဖော်ထုတ်နှိမ်နင်းလျက်ရှိသည့် အခြေအနေကို နိုင်ငံပိုင်သတင်းစာများတွင် ခပ်စိပ်စိပ် တွေ့မြင်သိရှိလာရသည်။

“နိုင်ငံတော်အစိုးရအနေနဲ့ အခုလို အွန်လိုင်းလိမ်လည်မှုတွေကို အဆက်မပြတ် အမြစ်ကနေ ဖယ်ရှားနေတာကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ KK Park မြေနေရာဟာ အရင်က ကျွန်တော်တို့ရဲ့ လယ်ယာမြေတွေ၊ ဥယျာဉ်ခြံမြေတွေ ဖြစ်ပါတယ်။ ဒေသခံတောင်သူတွေဆီက ပိုက်ဆံပိုပေးပြီး ဝယ်ကြတယ်။ ပြီးတော့ သူတို့က အဆောက်အအုံတွေ ဆောက်ကြတယ်။ ဒီလို ဆောက်လုပ်ပြီး မြို့မှာလိုပဲ အထဲမှာ အကုန်ရှိတယ်ဆိုတာတော့ ကြားဖူးတယ်။ ဘာလုပ်ငန်းတွေ လုပ်နေတယ်ဆိုတာ မသိရဘူး။ မြင်လည်းမမြင်ရဘူး။ အဲဒီထဲကို ဝင်ဖို့၊ ထွက်ဖို့ကလည်း မလွယ်ဘူး။ အုတ်တံတိုင်းကြီးတွေ ကာရံပြီးတော့ CCTV တွေ တပ်ထားတယ်၊ လုံခြုံရေးလည်း တင်းကျပ်တယ်။ ကျွန်တော်တို့ ဒေသခံတော်တော်များများက အဲဒီထဲကို မရောက်ဖူးကြဘူး။ ရောက်ဖူးတဲ့သူကလည်း အလုပ်ကြမ်းသွားလုပ်တာပါ၊ ဝင်ဖို့၊ထွက်ဖို့ခက်တော့ အဲဒီမှာ မလုပ်ကြဘူး။ သူတို့တွေက တရားမဝင် လောင်းကစားလုပ်တယ် ပြောကြတယ်။ ကျွန်တော်တို့ ဒေသခံတွေက ကိုယ့်ဒေသမှာ တရားဝင်ဖြစ်တဲ့ ကုန်ထုတ်လုပ်တဲ့အလုပ်တွေကိုပဲ လုပ်စေချင်တယ်။ ဒါမှ ကျွန်တော်တို့ ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရပြီး အဆင်ပြေကြမှာ ဖြစ်ပါတယ်” ဟု မွဲထော်သလေးကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ယခုအခါ နိုင်ငံသူ၊ နိုင်ငံသားများအတွက် အန္တရာယ်ကြီးမားသည့် အွန်လိုင်းရာဇဝတ်ဂိုဏ်းများအား နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူလျက်ရှိပြီး ထိုသို့စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်ရာတွင် ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ်အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေးရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

“ဒီနေရာမှာ အွန်လိုင်းလိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေနဲ့ ဒုစရိုက်မှုတွေ ထပ်မံပြီး မလုပ်ဆောင်နိုင်အောင် KK Park အတွင်းက အဆောက်အအုံအားလုံးကို ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်။ တရားမဝင်ဂိတ်တွေလည်း ရှိနေတယ်။ ဒါတွေကိုလည်း ဖယ်ရှားရှင်းလင်းနေပါတယ်။ အားလုံးကို ဥပဒေနဲ့အညီ အရေးယူနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်” ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

လက်ရှိအချိန်အထိ စိစစ်လွှဲပြောင်းပေးမှုအနေဖြင့် ပြည်ပနိုင်ငံသား ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရှိရသည်။

“တရားဥပဒေစိုးမိုးမှု အားနည်းတဲ့နေရာမှာ ကျွန်တော်တို့မြေကို အသုံးချ၊ သောင်ရင်းမြစ်ကို ကျောထောက်နောက်ခံထားပြီးတော့ အခုလိုလာလုပ်ကြတာ ဖြစ်တယ်။ တရားဥပဒေစိုးမိုးနိုင်မှ အွန်လိုင်းလိမ်လည်မှုတွေကလည်း ပပျောက်သွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့ဒေသမှာ တရားဥပဒေစိုးမိုးမှုကောင်းစေချင်တယ်၊ အုပ်ချုပ်မှုကောင်းစေချင်တယ်။ ဒါမှလည်း ကျန်တဲ့အပိုင်းတွေ လုပ်ရတာအဆင်ပြေမှာ ဖြစ်တယ်။ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးမှုလည်း ပိုပြီးရရှိမှာဖြစ်တယ်။ ဒီလိုမျိုးအခြေအနေကိုလည်း မျှော်လင့်ပါတယ်” ဟု အင်ကြင်းမြိုင်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် လိမ်နည်းမျိုးစုံ၊ မက်လုံးမျိုးစုံ၊ အကြောင်းအရာမျိုးစုံ ဖန်တီးပြီး အွန်လိုင်းရာဇဝတ်ဂိုဏ်းများ၏ လိမ်လည်ငွေရှာမှုများကို သိရှိရှောင်ရှားကာ နိုင်ငံတော်အစိုးရ၏ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



မြဝတီ-မွဲထော်သလေး KK Park နယ်မြေအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မွန်ပြည်နယ်အတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ



**မော်လမြိုင် နိုဝင်ဘာ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

**ဆောင်ရွက်ပေး**

တွေ့ဆုံစဉ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနက မူဝါဒ၊ ရည်မှန်းချက်၊ မျှော်မှန်းချက်များ ချမှတ်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဦးစီးဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဘဝမြင့်မားရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ဝင်ငွေထွက်ငွေမျှတအောင် သုံးစွဲကြရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ဝန်ထမ်းသက်သာ ချောင်ချိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးစိတ်ဓာတ်ကို အခြေခံကာ စေတနာထားဆောင်ရွက်ကြရန်၊ ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရန်နှင့် ဌာနအလိုက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို သတ်မှတ်အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းတစ်ဦးချင်း၏ အခက်အခဲများကို မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ကရင်ပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၆**

ကရင်ပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ဘားအံမြို့ The Grace HOTEL ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးစောလင်းဘိုဘိုက ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ဆန္ဒမဲပေးသည့်စနစ်ဖြင့် အလုပ်အမှုဆောင်များကို ရွေးချယ်တင်မြှောက် အတည်ပြုခဲ့ကြကာ ရွေးချယ်ခံခဲ့ရသော ကရင်ပြည်နယ်အသင်းဥက္ကဋ္ဌက အမှာစကားပြောကြား၍ CEC များက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ကျိုက်လတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကျိုက်လတ် နိုဝင်ဘာ ၁၆**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ဆူးကဏန်းကျေးရွာအုပ်စု တောင်သူ ဦးတင်နွယ်ဦး၏ လယ်မြေဧရိယာ ၁၀ ဒသမ ၇၀ ဧက အနက်မှ ဧရိယာ ခုနစ်ဧကကွက်တွင် ယနေ့နံနက်ပိုင်းက မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။



အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဖုန်းနှင့် ဝန်ထမ်းများ၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးကျော်သူလင်းနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မိုးစပါးစံကွက်ရိတ်သိမ်းဆောင်ရွက်ရာ အထွက်နှုန်း ၁၀၁ ဒသမ ၃၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

■

# ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**ပြည် နိုဝင်ဘာ ၁၆**

စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမင်းသည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။



**ဆွေးနွေးပြောကြား**

ထိုသို့တွေ့ဆုံရာတွင် စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်သီးနှံအလိုက် စိုက်ဧကနှင့် အထွက်နှုန်းများ ကိန်းဂဏန်း စာရင်းဇယားမှန်ကန်ရေး၊ အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်ပပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ စပါးသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်လေ့လာဆောင်ရွက်ရေး၊ သီးနှံစုံ အကန့်လိုက်စိုက်ပျိုးခြင်းအား တောင်သူပညာပေး စိုက်ပျိုးပြသရေး၊ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) များ အထွက်နှုန်း တိုးတက်ရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



# မင်းတုန်းမြို့၌ သာသနိကအဆောက်အအုံများ မီးဘေးလုံခြုံရေး စစ်ဆေး

**မင်းတုန်း နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ယမန်နေ့နံနက် ၉ နာရီတွင် အမှတ်(၂)ရပ်ကွက် ဘုရားကြီးသုံးဆူရှိ မဟာသာသနောပကာရ သာသနာ့ဗိမာန်တော်ကြီး၌ မီးဘေးလုံခြုံရေး စစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာ သာသနာ့ဗိမာန်တော်ကြီးတွင် လျှပ်စစ်မီးသွယ်တန်းအသုံးပြုမှုများ စနစ်တကျရှိစေရေးနှင့် အုတ်ရေလှောင်ကန်များ ရေအမြဲဖြည့်တင်းထားရှိပြီး မီးသတ်ဆေးဘူးများအား အသင့်အနေထားဖြစ်စေရေး စစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။

ချင်းကလေး(NRDC)

# မူဆယ်မြို့၌ မီးဘေးလုံခြုံရေး မီးငြိမ်းသတ်သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**မူဆယ် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ စီးကရက်စက်ရုံတွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မူဆယ်ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်းတိုးဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်မျိုး၊ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် ဟောပြောအသိပေးခြင်း၊ မီးသတ်ယာဉ်များ ဝင်/ထွက်သွားလာရန်အတွက် လမ်းဆောင်ရွက်ထားရှိမှု၊ မီးသတ်ရေငုတ်များနှင့် မီးသတ်ရေလှောင်ကန်များ၊ မီးဘေးလုံခြုံရေးပစ္စည်းများအား စစ်ဆေး၍ လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြခြင်းများကို ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ် အတွင်းရှိ တည်းခိုရိပ်သာများ၌ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် ဝန်ထမ်းများက မီးဘေးလုံခြုံရေးဆိုင်ရာတို့ကို အသိပညာပေးကာ လိုက်လံစစ်ဆေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



◆ **အာရှဖလားမှ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကစားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ကစားမည့်ကွင်းကို အချိန်ကပ်မှ အတည်ပြုနိုင်သည့်အပြင် သွားလာရေးကိစ္စရပ်များတွင် အခက်အခဲရှိသဖြင့် နိုဝင်ဘာ ၁၈ ရက်တွင် ကစားမည့်ပွဲအား ရွှေ့ဆိုင်းခဲ့ပြီး ၂၀၂၆ ခုနှစ် မတ်လမှသာ ပြန်လည်ကစားမည်ဖြစ်သည်။ မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်း ပထမအကျော့တွေ့ဆုံရာတွင် မြန်မာအသင်းက အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-စိုးညွန့်သော်

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သက်ကြီးဆရာဝန်ကြီးများ ကျန်းမာရေးစစ်ဆေးကုသမှုနှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ လှည့်လည်ကြည့်ရှု



**ရန်ကုန် နိုဝင်ဘာ ၁၆**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ နှစ်စဉ်ပြုလုပ်သော သက်ကြီးဆရာဝန်ကြီးများ ကျန်းမာရေးစစ်ဆေးကုသမှု ဆောင်ရွက်ခြင်းကို ကြည့်ရှုအားပေးသည်။

ဦးစွာ သက်ကြီးဆရာဝန်ကြီးများအား တွေ့ဆုံ၍ ဆေးဝါးများ ထောက်ပံ့ပေးကာ သွေးဖောက်စစ်ဆေးခြင်း၊ ECG စစ်ဆေးခြင်း၊ ရင်ဘတ်ဓာတ်မှန် ရိုက်ကူးခြင်း၊ တယ်လီဗွီးရှင်းဓာတ်မှန် ရိုက်ကူးခြင်းနှင့် အရိုးသိပ်သည်းဆတိုင်းတာစမ်းသပ်ခြင်း (Bone Densitometry)၊ အထွေထွေရောဂါ အထူးကုဆရာဝန်ကြီးများ၊ သက်ကြီးရွယ်အိုဆေးပညာ အထူးကုဆရာဝန်ကြီးများ၊ ဆီးချိုသွေးချိုရောဂါ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးကုသပေးနေခြင်းတို့ကို လှည့်လည်ကြည့်ရှုပြီး ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

အဆိုပါ သက်ကြီးဆရာဝန်ကြီးများ ကျန်းမာရေးစစ်ဆေးကုသခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းမှ သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သက်ကြီးဆရာဝန်ကြီး ၂၆၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(၂) ရန်ကုန်သို့ သွားရောက်၍ မြသီလာ (အမျိုးသမီး)ဆောင်၊ သီတာ (အမျိုးသမီး) ဆောင်၊ ဥက္ကလာ(အမျိုးသား)ဆောင်များ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ပြင်ဆင်ဆောက်လုပ်နေသော Dormitory ခြောက်ထပ်ထမင်းစားဆောင် ဆောက်လုပ်ခြင်းနှင့် သံပန်းတပ်ဆင်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး လာမည့်ပညာသင်နှစ်တွင် အသစ်ရောက်ရှိလာမည့် ကျောင်းသား ကျောင်းသူများ နေထိုင်မှု အဆင်ပြေစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ လုံခြုံဘေးကင်းစွာ နေထိုင်နိုင်ရေး၊ အဆောက်အအုံ အရည်အသွေးကောင်းမွန်စေရေးနှင့် အချိန်မီပြီးစီးစေရေးတို့အတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်က အဆောင်နေ ကျောင်းသား ကျောင်းသူများ နေထိုင်နိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်၌ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ယနေ့နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထူးကုဆေးရုံကြီးများမှ ဆရာဝန်ကြီးများက ပြည်သူများအား ကွင်းဆင်းဆေးကုသပေးသည်။



ထိုသို့ ကွင်းဆင်းဆေးကုသရာတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၊ ခုတင်(၅၀၀) ဆံ့အထူးကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး ရန်ကုန်(ရန်ကင်း)၊ အရိုးရောဂါ အထူးကုဆေးရုံကြီး (ရန်ကုန်)၊ နား နှာခေါင်း လည်ချောင်း အထူးကု ဆေးရုံကြီး(ရန်ကုန်)၊ စိတ်ရောဂါ အထူးကုဆေးရုံကြီးနှင့် တက္ကသိုလ်များဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများက အထူးကုပြင်ပလူနာ ၅၇၈ ဦးအား အခမဲ့ကျန်းမာရေး စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း(ပြန်/ဆက်)**

## လှိုင်သာယာမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိရပ်ကွက်များသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၂) ရပ်ကွက်၌ ဆောင်ရွက်သည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စန်းမာ ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက အပါတ်စဉ် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးကြပြီး လိုအပ်သည့်ဆေးများကို အခမဲ့ပေးကာ ကုသပေးကြသည်။



ယင်းသို့ ရပ်ကွက်အသီးသီးသို့ အခမဲ့ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်းကို အပတ်စဉ်ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စိတ်ကြိုက်ရွေးလို့ မဲပေးစို့

✧ သူငယ်ချင်းရေ၊ ကြေညာထားခြင်း
မဲစာရင်းမှာ၊ မင်းရဲ့နာမည်
ပါသည်မပါသည်
မှန်သည်မှားသည်၊ သိပြီးပြီလား။

✧ မဲစာရင်းမှာ၊ အမည်ပါမှ
ပါတီစုံနွှဲ၊ ရွေးကောက်ပွဲတွင်
မဲပေးနိုင်မှာ မဟုတ်လား။

✧ ကိုယ်ကိုယ်တိုင်တွေ၊ ကိုယ်တိုင်ရွေးလို့
မဲပေးဖို့ရာ၊ မနစ်နာအောင်
နာမည်ပါလား၊ မပါလားကို
သွားပြီးကြည့်လိုက် သူငယ်ချင်း။

✧ မဲပေးဖို့ရာ၊ စာရင်းပါဖို့
မပါသေးက၊ ပါဝင်ရဖို့
တင်ပြလာလျှင်၊ ကော်မရှင်က
လျင်လျင်မနှေး၊ ဆောင်ရွက်ပေးကာ
နွေးနွေးထွေးထွေး ကူညီတယ်။

✧ ဒီမိုကရေစီ၊ ထုံးစံမီသည့်
ပါတီစုံက၊ ယှဉ်ပြိုင်ကြမည်
ဆန္ဒမဲပေး၊ ကိုယ်တိုင်ရွေးဖို့
အရေးကြီးတယ် သူငယ်ချင်း။

✧ တို့များရွေးချယ်၊ ကိုယ်စားလှယ်က
ကျယ်သည့်အမြင်၊ လျင်သည့်အသိ
ရှိသည့်ဉာဏ်ရည်၊ တည်သည့်သစ္စာ
သာသည့်အတွေး၊ စိတ်ကောင်းမွေးမှ
ရွေးချယ်ရကျိုး နပ်မှာပေါ့။

✧ ဒေသကောင်းကျိုး၊ ဆောင်သယ်ပိုးကာ
အမျိုးသားရေး၊ လက်မနှေးဘဲ
အေးချမ်းစေရန်၊ စိတ်ထက်သန်ပြီး
နိုင်ငံလူမျိုး၊ စည်သာဖြိုးဖို့
အားကိုးထိုက်သူ၊ ရိုးသားသူကို
ကြည်ဖြူမနှေး၊ စိတ်ကြိုက်ရွေးလို့
မဲပေးရမည့် အခွင့်ထူး။
လက်လွှတ်ခံလို့ မဖြစ်ဘူး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ပညာရေးအဆင့် မြင့်မားပါမှ .....

တာရာ

**ယုန်နဲ့ မြေခွေးက ငါးကြင်းတစ်ကောင်ရလာတယ်။ ငါးကို ဘယ်လိုခွဲဝေယူရမှန်းမသိဘူး။ ဒီလိုအခြေအနေမှာ ခြင်္သေ့တစ်ကောင်ရောက်လာပြီး သူစီမံပေးမယ်ဟုဆိုကာ ရှေ့မင်းက ခေါင်းပိုင်းယူ၊ ရှေ့မင်းက အမြီးပိုင်းယူ၊ ငါကတော့ စီမံခန့်ခွဲပေးရတဲ့သူဆိုတော့ အလယ်ပိုင်းယူမယ်ဆိုပြီး (Lion Share) အကောင်းဆုံးဝေဆကို ယူသွားတယ်။**

ယုန်နဲ့ မြေခွေးတို့က အတွေ့အကြုံနည်း၊ ဗဟုသုတနဲ့ ပညာဉာဏ်မရှိတဲ့အတွက် အခွင့်အရေးကို လက်လွှတ်လိုက်ရပါတယ်။ ယုန်နဲ့မြေခွေးတို့ရဲ့ ဖြစ်စဉ်က လူမှုဘဝတွေမှာလည်း တွေ့ကြုံရလေ့ရှိတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ ပညာမတတ်ရင် အခြားသူက စီမံခန့်ခွဲတာကို လက်ခံလိုက်ရပြီး သူများရဲ့ စီမံခန့်ခွဲမှုအောက်မှာ မိမိအခွင့်အရေးတွေ ဆုံးရှုံးရနိုင်ကြောင်း ဒီပုံပြင်က သတိပေးနေပါတယ်။

**ပြဿနာကို ကိုယ်တိုင်ဖြေရှင်းနိုင်စွမ်း**

ငါးကြင်းတစ်ကောင်လုံးရပါလျက်နဲ့ ခေါင်းပိုင်းနဲ့ ကျေနပ်လိုက်ရတာမျိုး၊ အမြီးပိုင်းနဲ့ ကျေနပ်လိုက်ရတာမျိုးတွေက စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းမရှိလို့ ဖြစ်ပါတယ်။ ပြဿနာကို ကိုယ်တိုင်ဖြေရှင်းနိုင်စွမ်း အားနည်းပြီး သူတစ်ပါးကို မှီခိုရတဲ့အတွက် ရလာတဲ့ရလဒ်ဖြစ်ပါတယ်။

ခြင်္သေ့က ယုန်နဲ့မြေခွေးတို့ကို **"စီမံခန့်ခွဲပေးသူ"** အဖြစ် အကောင်းဆုံးအပိုင်းကို ယူနိုင်ခဲ့ပါတယ်။ စီမံခန့်ခွဲပေးရတဲ့ အခွင့်အရေးကို အသုံးချပြီး အကျိုးစီးပွားအတွက် ရေးရှုဆုံးဖြတ်လုပ်ကိုင်သွားပါတယ်။ ဒီလို မိမိရှေ့မှာပေါ်လာတဲ့အခွင့်အလမ်းကို အမိအရ ဖမ်းဆုပ်တတ်နိုင်ဖို့ဆိုတာက ဉာဏ်ပညာရှိသူတွေသာ လုပ်ကိုင်နိုင်တယ်ဆိုတာ ဒီပုံပြင်က ညွှန်ပြနေပါတယ်။

ယုန်နဲ့မြေခွေးကဲ့သို့ ပညာမတတ်သူတွေက မိမိရဲ့အခွင့်အရေးကို မကာကွယ်နိုင်ဘဲ အခြားသူတွေရဲ့ လှည့်ဖြားမှုကို ခံရနိုင်ပါတယ်။ ဒီဖြစ်စဉ်မှာ သင်ခန်းစာယူစရာက မိမိတို့အခွင့်အရေး၊ ကိုယ်ကျိုးစီးပွားကိုကာကွယ်နိုင်ဖို့ ပညာတတ်ရပါမယ်။ အခြေအနေနဲ့ အချိန်အခါကို နားလည်ပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်လုပ်ကိုင်တတ်ဖို့ ပညာတတ်ရပါမယ်။ ပညာက လွတ်လပ်စွာရပ်တည်နိုင်မှုကို ဖန်တီးပေးပါတယ်။ သတိတရားနဲ့ မှန်မှန်ကန်ကန်ဆုံးဖြတ်ဆောင်ရွက်တတ်စေပြီး သူတစ်ပါးရဲ့ လိမ်လည်ခံရမှုတွေက ကာကွယ်ပေးနိုင်ပါတယ်။

ဒီပုံပြင်မှာ ပညာမတတ်ခြင်းရဲ့ဆိုးကျိုးနဲ့ ပညာရဲ့အရေးပါပုံကို မီးမောင်းထိုးပြထားပါတယ်။ ပညာက ဘဝတစ်သက်တာမှာ လူသားတိုင်း လိုအပ်တဲ့ အရာဖြစ်ပြီး လူ့ဘောင်သစ်ကို တည်ဆောက်ရာမှာ အဓိကကျတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ခံစားသိမြင်မှုဉာဏ်နဲ့ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုတို့ကလည်း ပညာက ဆက်စပ်ဖြစ်ပေါ်လာတဲ့ အရည်အသွေးတွေ ဖြစ်ပါတယ်။

**"ပညာ"** ဆိုတဲ့စကားလုံးက အဓိပ္ပာယ်ကျယ်ဝန်းပါတယ်။ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနဲ့ ကိုယ်တိုင်သင်ယူပညာရေးစသဖြင့် ပညာရယူနည်းတွေရှိရာမှာ စာသင်ခန်းတွေက ပညာသင်ကြားရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်ပြီး အမှန်တကယ် ပညာရေးက ဘဝတစ်လျှောက်လုံး ဆက်လက်လေ့လာသင်ယူနေရတဲ့ (Lifelong Learning) ခရီးတစ်ခု ဖြစ်ပါတယ်။

ပညာရေးက အရည်အသွေးရှိတဲ့ လူသားအရင်းအမြစ်တွေကို ပျိုးထောင်ပေးတဲ့ ဥယျာဉ်တစ်ခုဖြစ်ပါတယ်။ နိုင်ငံကုန်ထုတ်စွမ်းအားမြင့်မားဖို့၊ စီးပွားရေးဖွံ့ဖြိုးဖို့၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ပညာတတ်တွေနဲ့သာ တည်ဆောက်ရတာဖြစ်တဲ့အတွက် ပညာရေးက ဖွံ့ဖြိုးတိုးတက်မှုရဲ့ မောင်းနှင်အားပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူဦးရေက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၅၁၃၁၆၇၅၆ ဦးရှိပြီး အမျိုးသား ၁၅၁၀၅၂၁၅ ဦး၊ အမျိုးသမီး ၁၇၀၈၆၁၉၂ ဦး၊ အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်း ရှိတယ်လို့ သိရပါတယ်။

**"စက်မှု၊ လျှပ်စစ်၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းနည်း၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ခြင်းနည်းပညာ၊ အဆောက်အအုံပြုပြင်ထိန်းသိမ်းမှုနည်းပညာတွေ၊ စိုက်ပျိုးမွေးမြူရေးနဲ့ ဆိုင်တဲ့ ပညာရပ်တွေကို သင်ကြားပေးနေပြီး လက်တွေ့လုပ်ငန်းခွင်နဲ့ ချိတ်ဆက်လုပ်ကိုင်နိုင်တဲ့အထိ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးနေပါတယ်။ ထူးချွန်သူတွေကို စက်မှုလက်မှုသိပ္ပံ၊ နည်းပညာကောလိပ်နဲ့ နည်းပညာတက္ကသိုလ်တွေ ဆက်လက်တက်ရောက်ပညာသင်ယူနိုင်ဖို့ အခွင့်အလမ်းတွေလည်း လမ်းဖွင့်ပေးထားပါတယ်"**

ကျောင်းအပ်နှံမှုအနေနဲ့ ၂၀၂၁ -၂၀၂၂ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၅ ဒသမ ၃ သန်း၊ ၂၀၂၂ -၂၀၂၃ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၇ ဒသမ ၂၃ သန်း၊ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၈ သန်းကျော်နဲ့ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်မှာ ၇ ဒသမ ၃ သန်းကျော် ကျောင်းအပ်နှံခဲ့ကြပါတယ်။

**မသင်မနေရပညာရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်**

ဖွံ့ဖြိုးတိုးတက်မှုတိုင်းက ပညာနဲ့သာ အခြေခံရတာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက ပညာရေး အထူးအလေးထားပြီး လူငယ်တွေကို ပညာတတ်အောင်၊ ပညာရှင်တွေဖြစ်အောင် ပျိုးထောင်မြေတောင်မြှောက်ပေးလျက်ရှိပါတယ်။ အခြေခံပညာအဆင့် ကျောင်းနေအရွယ်ကလေးအားလုံး KG +9 အထိ မသင်မနေရပညာရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။

ကျောင်းပြင်ပပညာရေးကို နှစ်စဉ်ဇူလိုင်လအတွင်း ကျောင်းနေအရွယ်လွန် ကလေးများ (သတ်မှတ်အသက်အုပ်စုနှင့် ကိုက်ညီသူများ) ကို သက်ဆိုင်ရာ လျာထားမြို့နယ်သီးသီးရဲ့ ကျောင်းပြင်ပ ပညာရေးစခန်းတွေမှာ တက်ရောက်သင်ယူခွင့်ရရှိရေး စီစဉ်ပေးလျက်ရှိပါတယ်။ ကျောင်းပြင်ပ ပညာရေးတက်ရောက်နေတဲ့ ကလေးတွေအပြင် ကျောင်းပညာရေး တက်ရောက်ရာမှာ အကြောင်းအမျိုးမျိုးနဲ့ ဆက်လက်မတက်ရောက်နိုင်တဲ့ ကလေးတွေကိုလည်း သတ်မှတ်အုပ်စုအတွင်း ရောက်ရှိနေပါက လက်ခံသင်ကြားပေးလျက်ရှိပါတယ်။

**KG +9 အထိပြီးမြောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက်သင်ယူဖို့ အခက်အခဲရှိသူတွေအနေနဲ့ အသက်မွေးဝမ်းကျောင်းပညာတွေ ဆက်လက်သင်ယူနိုင်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးထားပါတယ်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွေ တက်ရောက်နိုင်ပြီး ကျွမ်းကျင်လုပ်သားတွေ၊ နည်းပညာကျွမ်းကျင်သူတွေ၊ အင်ဂျင်နီယာပညာရှင်တွေ၊ ကွန်ပျူတာပညာရှင်တွေအဖြစ် ပျိုးထောင်ပေးလျက်ရှိပါတယ်။**

စက်မှု၊ လျှပ်စစ်၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းနည်း၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ခြင်းနည်းပညာ၊ အဆောက်အအုံပြုပြင်ထိန်းသိမ်းမှုနည်းပညာတွေ၊ စိုက်ပျိုးမွေးမြူရေးနဲ့ ဆိုင်တဲ့ ပညာရပ်တွေကို သင်ကြားပေးနေပြီး လက်တွေ့လုပ်ငန်းခွင်နဲ့ ချိတ်ဆက်လုပ်ကိုင်နိုင်တဲ့အထိ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးနေပါတယ်။ ထူးချွန်သူတွေကို စက်မှုလက်မှုသိပ္ပံ၊ နည်းပညာကောလိပ်နဲ့ နည်းပညာတက္ကသိုလ်တွေ ဆက်လက်တက်ရောက်ပညာသင်ယူနိုင်ဖို့ အခွင့်အလမ်းတွေလည်း လမ်းဖွင့်ပေးထားပါတယ်။

ကျောင်းတွေက ဆရာသမားကောင်းတွေ၊ မိတ်ဆွေကောင်းတွေနဲ့ တွေ့ဆုံခွင့်ရပြီး လူမှုဆက်ဆံရေးနယ်ပယ်ကို ကျယ်ပြန့်စေပါတယ်။ နာခံတတ်မှု၊ အတူတကွ လက်တွဲလုပ်ဆောင်တတ်မှုတွေ ထွန်းကားလာအောင် သင်ကြားပေးပါတယ်။ အသိဉာဏ်ကိုမြှင့်တင်ပေးပြီး စိတ်ဓာတ်ရေးရာကို ပြုပြင်ပေးပါတယ်။ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်တွေကို မွေးဖွားပေးနိုင်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတဲ့ ပညာရေးစနစ်တစ်ရပ်က နိုင်ငံသားတိုင်းကို အခြေခံပညာအဆင့်မှသည် အဆင့်မြင့်ပညာ၊ နည်းပညာ၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနဲ့ စီမံခန့်ခွဲနိုင်စွမ်းတွေရရှိအောင် သင်ကြားပေးပါတယ်။ ပညာက အမှန်အမှား ခွဲခြားတတ်စေပြီး ယုတ္တိတန်တဲ့ ဆင်ခြင်တုံတရားဖွံ့ဖြိုးစေပါတယ်။ အတွေးအမြင်တွေ ကျယ်ပြန့်စေပြီး ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေးနဲ့ တရားမျှတမှုတွေကို နားလည်လာစေဖို့ ပညာက ဦးဆောင်ပေးပါတယ်။

**ကောင်းမွန်သောပညာရေးဓလေ့**

ပညာရေးက လူတစ်ဦးရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေနဲ့ ချိတ်ဆက်နေပြီး လူတစ်ဦးရဲ့ဘဝကိုသာမက မိသားစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုလုံးရဲ့ အနာဂတ်ကိုပါ ပြုပြင်ပြောင်းလဲစေနိုင်တဲ့ စွမ်းအားတွေရှိပါတယ်။ ပညာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာတွေက လူတစ်ဦးချင်းစီရဲ့ ဘဝအရည်အသွေးကို တိုးတက်စေပြီး ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဝရပ်တည်မှုအတွက် အာမခံချက်ကို ပေးစွမ်းပါတယ်။ ပညာတတ်မိဘတွေကပညာရဲ့လေးနက်မှုတန်ဖိုးကို သိရှိနားလည်ကြတဲ့အတွက် သားသမီးတွေရဲ့ ပညာရေးကို ပိုမိုအားပေးကြပြီး ကောင်းမွန်သောပညာရေးဓလေ့ကို ဖြစ်ထွန်းစေပါတယ်။

ပညာရေးက အရည်အသွေးမြင့်လုပ်သားအင်အား၊ လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးပြီး ထုတ်လုပ်မှုစွမ်းရည်မြင့်မားတဲ့အတွက် ပို့ကုန်နဲ့ GDP တိုးတက်စေပါတယ်။ တန်ဖိုးမြင့်ထုတ်ကုန်တွေကို ထုတ်လုပ်နိုင်တဲ့ နိုင်ငံတွေဟာ ကုန်ကြမ်းအခြေခံစီးပွားရေးထက် ပိုမိုတည်ငြိမ်ပြီး ဝင်ငွေမြင့်မားကြပါတယ်။ ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ပိုမိုထိရောက်စေပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေပါတယ်။

ပညာရေးအဆင့်မြင့်မားခြင်းက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို တိုက်ရိုက်အကျိုးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုအထိပါ သက်ရောက်မှုအားကြီးမားတဲ့အတွက် နိုင်ငံဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်။

**"ပညာရေးက အရည်အသွေးမြင့်လုပ်သားအင်အား၊ လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးပြီး ထုတ်လုပ်မှုစွမ်းရည်မြင့်မားတဲ့အတွက် ပို့ကုန်နဲ့ GDP တိုးတက်စေပါတယ်။ တန်ဖိုးမြင့် ထုတ်ကုန်တွေကို ထုတ်လုပ်နိုင်တဲ့နိုင်ငံတွေဟာ ကုန်ကြမ်းအခြေခံ စီးပွားရေးထက် ပိုမိုတည်ငြိမ်ပြီး ဝင်ငွေမြင့်မားကြပါတယ်။ ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ပိုမိုထိရောက်စေပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေပါတယ်။**

**ပညာရေးအဆင့်မြင့်မားခြင်းက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို တိုက်ရိုက်အကျိုးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုအထိပါ သက်ရောက်မှုအား ကြီးမားတဲ့အတွက် နိုင်ငံဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးကြပါစို့"**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျုံပျော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း RCC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

ပုသိမ် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ကျုံပျော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ RCC နှစ်ထပ်(Lပုံစံ) ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံအရည်အသွေး ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး တို့အတွက် လူအင်အား၊ စက်အင်အားများဖြင့် အဆိုင်းခွဲ၍ ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်ရှိ နတ်ကန်ကျေးရွာနှင့် ဘိုးထောင့်ကျေးရွာသို့ ဆက်သွယ်ထားသောဒါးကချောင်းကူး(နတ်ကန်)တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အင်တိုက်အားတိုက်ဆောင်ရွက်ရန်နှင့် အရည်အသွေးပြည့်မီရေးကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။ အဆိုပါတံတားသည် သံကူကွန်ကရစ် ရက်မ+ကြမ်းခင်း၊ သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ တံတားအရှည်ပေ ၃၀၀၊ တံတားခန်းဖွဲ့စည်းပုံ ပေ ၆၀ ငါးခန်း၊ တံတားအကျယ်ပေ ၂၀၊ ရေလွတ်ကင်းလွတ်အမြင့် ခြောက်ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၄၈ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၈ပေ၊လူသွားလမ်းအကျယ် တစ်ဖက်လျှင်တစ်ပေစီ၊ ခွင့်ပြုယာဉ်အလေးချိန် ၃၆ တန်ရှိမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ဒေးဒရဲမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ဆောင်ရွက်

ဒေးဒရဲ နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကုန်းတန်းကလေးကျေးရွာတွင် ကျေးလက်မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

**သရုပ်ပြဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုးက ကျေးလက်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျေးလက်မီးဘေးလုံခြုံရေးအတွက် ကျေးရွာနေပြည်သူများအား၊ မီးသတ်ဆေးဘူးနှင့် အဝတ်ရေစိုတို့ဖြင့် မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

## ပြင်ဦးလွင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၁၆

ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲကျင်းပရသည့်



ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာစာပေ ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "ဆရာမ မှတ်မိပါသည်" ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးခဲ့သည်။ ထို့နောက် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ စာရေးဆရာ ကိုရွှေအောင်သင်းက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ဆရာ ဆရာမ ၄၇၀ တက်ရောက်သည်။

သွေးသွေး(ပြန်/ဆက်)

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စာအုပ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄) ရပ်ကွက် ယုဇနအလင်းတန်းစာကြည့်တိုက်တွင် စာအုပ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်မိုးကြည်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ယုဇနအလင်းတန်းစာကြည့်တိုက်သို့ သုတ/ရသ စာအုပ်၊ စာစောင်များ လှူဒါန်းသော အလှူရှင်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး



ကော်မတီအဖွဲ့ဝင် ဦးကျော်မိုးကြည်၊ အိမ်ရာစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇင်၊ ယုဇနအလင်းတန်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲကျင်းပ



လပွတ္တာ နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ လပွတ္တာခရိုင်အတွင်းရှိ အထက၊ အထက(ခွဲ)ကျောင်းအုပ်ကြီးများ၊ အထက်တန်းဆင့်သင် ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ယနေ့မွန်းလွဲပိုင်းက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေးပွဲ အခမ်းအနားကျင်းပသည်။

ထိုအခမ်းအနားတွင် လပွတ္တာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကား ပြောကြားပြီး လပွတ္တာမြို့နယ် ပညာရေးမှူးက တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် မြင့်မားရေးနှင့် ပတ်သက်၍ ဆောင်ရွက်မှု အခြေအနေများ၊ မော်လမြိုင်ကျွန်း မြို့နယ်ပညာရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးနှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများကိုတင်ပြကြပြီး အခမ်းအနားတက်ရောက်လာသည့် ဆရာ ဆရာမများနှင့် အထွေထွေ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ရွေးကောက်ပွဲ မဲစာရင်းများ မှန်ကန်တိကျစေရန် လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေး

ဒဂုံအရှေ့ နိုဝင်ဘာ ၁၆

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ ကာလအတွက် မြို့နယ်အတွင်းရှိ အသက် ၁၈ နှစ်နှင့်အထက် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှု ရှိစေရေးအတွက် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**စိစစ်ခြင်းများဆောင်ရွက်**

ယင်းသို့ စစ်ဆေးရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းထွန်း



နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များမှ တာဝန်ရှိသူများက မဲစာရင်းကပ်ထားကြေညာရာတွင် ပြည့်စုံမှန်ကန်မှုရှိစေရေး၊ မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ စိစစ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အေးမဥ္ဇူ

# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၆

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီဥက္ကဋ္ဌ ဦးရဲထွန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်ကတော့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းဖြစ်ပါတယ်။ မိဘပြည်သူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝတရားရှေ့ထား၍ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ၂၀၁၀ ပြည့်နှစ်ကတည်းက မှတ်ပုံတင်အမှတ်(၁၇)ဖြင့် တရားဝင်ရပ်တည်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သလို ၂၀၂၃ ခုနှစ်တွင် မှတ်ပုံတင်အမှတ်(၄၄)ဖြင့် ဆက်လက်ရပ်တည်ကာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲမှာ အင်းစိန်ခရိုင်နှင့် တွံတေးခရိုင်တို့တွင် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ပွဲများနှင့် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ပါဝင်အရွေးခံမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

မြန်မာနိုင်ငံဟာ နယ်ချဲ့ဗြိတိသျှတို့၏ မတရားသိမ်းပိုက်ထားမှုအောက်မှာ နှစ်ပေါင်း(၁၀၀)ကျော် ကျွန်နိုင်ငံအဖြစ်နေခဲ့ရပြီး ကျွန်တော်တို့ဘိုးဘွားများက အသက်သွေးချွေး ပေးဆပ်စတေးကာ သူ့ကျွန်မခံတော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအလီလီကို ဆင်နွှဲခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ လွတ်လပ်ရေးကြေညာနိုင်ခဲ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထူထောင်၍ ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာရပ်တည်နိုင်ခဲ့ပါတယ်။

သို့ပေမယ့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သည့် တော်လှန်ရေးအစိုးရကို ဖွဲ့စည်းထူထောင်၍ ၁၉၇၄ ခုနှစ်၌ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သည့် တစ်ပါတီစနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သလို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး ကြိုးပမ်းခဲ့ကြသဖြင့် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ ၁၅ နှစ်အကြာ ၂၀၀၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီး မေလ ၂၉ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ-**

အဲဒီနောက် ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ထွက်ပေါ်လာခဲ့ရာ “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများနှင့် ငြိမ်းချမ်းသာယာသော လူနေမှုဘဝကိုပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပေါ်ရေးအတွက် နိုင်ငံသားအားလုံးနှင့်အတူ ပူပေါင်းဆောင်ရွက်သွားမည်”ဟု အဓိဋ္ဌာန်ပြုကာ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS(UNION OF MYANMAR) ကို နိုင်ငံရေးပါတီအဖြစ် ထူထောင်ခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်အာဏာအရပ်ရပ်သည် နိုင်ငံသားများထံမှ ဆင်းသက်ရမည်ဟူသောမူကို အခြေခံ၍ အမျိုးသားနိုင်ငံရေးဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ပေါ်ပေါက်ရေး၊ (၂) မတူကွဲပြားခြားနားသည့် သဘောထားအလျောက် နိုင်ငံရေးပါတီများ ဥပဒေနှင့်အညီ ထူထောင်ခွင့်ရှိပြီး တန်းတူညီမျှပါဝင်ယှဉ်ပြိုင်၍ နိုင်ငံတော်အာဏာကို ရယူသုံးစွဲခွင့်ရှိသော စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံတော်ဖြစ်ပေါ်ရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံတော်နှင့် သက်ဆိုင်သည့် အရေးကိစ္စတိုင်းတွင် ဥပဒေနှင့်အညီ အခွင့်အရေးရှိသည့် နိုင်ငံသားတိုင်းက ကာယ ဉာဏ ဝီရိယ စွမ်းအားအလျောက် တန်းတူညီမျှ အခွင့်အရေးရှိသည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊ (၄) အများစု၏သဘောဆန္ဒကို အနည်းစုက လေးစားလိုက်နာခြင်း၊ အနည်းစု၏သဘောဆန္ဒကို အများစုက တန်ဖိုးထားအသိအမှတ်ပြုခြင်း တည်းဟူသော ဒီမိုကရေစီကျင့်စဉ် အားကောင်းသည့် လူနေမှုဘဝ ဖြစ်ပေါ်ရေး၊ (၅) နိုင်ငံသားတိုင်း လူမျိုးဘာသာ၊ ဆင်းရဲ၊ ချမ်းသာ၊ လိင်ကွဲပြားမှုကြောင့် တန်းတူညီမျှ အခွင့်အရေးခံစားခွင့်ရှိရေးကို ထိခိုက်မှုမရှိစေရန် အာမခံချက်ပေးနိုင်သည့် လူမှုဘဝဖြစ်ပေါ်ရေး၊ (၆) နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုကို အာမခံချက်ပေးနိုင်သည့် ဥပဒေပေါ်ပေါက်နိုင်စေရေး၊ (၇) နိုင်ငံသားတိုင်း၏ လုံခြုံမှုဆိုင်ရာ အာမခံချက်များရရှိစေရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးအာမခံချက် ရရှိစေရေး၊ (၈) နိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်ရန်အတွက် အတတ်ပညာ၊ နည်းပညာတို့ကို လွယ်ကူစွာသင်ကြားနိုင်စေရန် နိုင်ငံတော်က ပံ့ပိုးနိုင်ရေး၊ (၉) ဒေသဆိုင်ရာအဖွဲ့စည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရများနှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် မူဝါဒကျင့်သုံး၍ နိုင်ငံအတွက်အကျိုးရှိပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံခြားရေးမူဝါဒ ဖြစ်ပေါ်ရေး၊ (၁၀) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ ဝိသေသလက္ခဏာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ (၁၁) တောင်သူလယ်သမားတို့၏ဘဝ မြင့်မားလာစေရန် နိုင်ငံတော်က နည်းပညာ၊ ချေးငွေ၊ သီးနှံဈေးကွက် ရရှိရေးနှင့် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရန် စက်ပစ္စည်းများ ဝယ်ယူတင်သွင်းခြင်း၊ စိုက်ပျိုးရေးသုံးပစ္စည်းများ ဝယ်ယူရေးတို့တွင် အခွန်အခများသက်သာခွင့်ရရှိစေရန်၊ (၁၂) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး အစဉ်အမြဲစောင့်ထိန်းနိုင်ရန် ခေတ်မီ၍ အင်အားပြည့်ဝသော ကာကွယ်ရေးစနစ် ထွန်းကားလာစေရန် စသည့် ဦးတည်ချက်များ ထားရှိပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်တို့ပါတီဟာ (၁) လက်နက်ကိုင်ပဋိပက္ခ အမြစ်ပြတ်ချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ (၂) ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများ ထွန်းကားရေး၊ (၄) ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေးဟူသည့် ရည်ရွယ်ချက်များ ထားရှိပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်တို့ပါတီဟာ (၁) ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသော နိုင်ငံရေးစနစ်၊ ဈေးကွက်စီးပွားရေးနှင့်ကိုက်ညီသော စီးပွားရေးစနစ်၊ နိုင်ငံတော်နှင့် ပြည်သူကိုအကျိုးပြုနိုင်သည့် ဥပဒေပြုရေးစနစ်၊ ပြည်သူလူထုက ရွေးပိုင်ခွင့်ရှိသည့် အုပ်ချုပ်ရေးစနစ်၊ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာသင်ကြားရေးစနစ်၊ အာမခံချက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်သော ကျန်းမာရေးစနစ်၊ နိုင်ငံသားတိုင်း ခွင့်တူညီမျှ ခံစားနိုင်သော မြေယာစနစ်၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ အသိအမှတ်ပြုသော ငွေကြေးစနစ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ်တို့ကြောင့် ထိခိုက်မှုကို တားဆီးကာကွယ်နိုင်သောစနစ်တို့ကို ခေတ်နှင့်အညီ အစဉ်အမြဲလွတ်လပ်စွာ ရှင်သန်တိုးတက်ဖြစ်ပေါ်လာစေရန် စီမံဆောင်ရွက်မည်။ (၂) နိုင်ငံသားများ၏ လွတ်လပ်ခွင့်များ အစဉ်အမြဲ ရှင်သန်နေစေရေးကို ရှေးရှု၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ လူထုလူတန်းစားနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ လူမှုရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ ဘာသာရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ စီးပွားရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ အားကစားနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ တည်ထောင်နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမည်ဟု လုပ်ငန်းစဉ်များ ချမှတ်ထားပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီ၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် လူ့ဂုဏ်သိက္ခာကင်းမဲ့ခြင်း၊ အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေခြင်း မဖြစ်ပေါ်စေရန်၊ (၂) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာကောင်းများကို မပျက်ပြားစေဘဲ ဒီမိုကရေစီအခွင့်အရေးများ၊ အခြေခံလူ့အခွင့်ရေးများကို ပြည့်ပြည့်ဝဝ ကျင့်သုံးနိုင်ပြီး ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေး နည်းလမ်းကို စောင့်ထိန်းလိုက်နာရန်၊ (၃) လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးရေးအစွန်းရောက်ဝါဒ၊ ဘာသာရေးအစွန်းရောက်ဝါဒတို့ကို ဆန့်ကျင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးကျင့်စဉ်ကို စောင့်ထိန်းလိုက်နာကျင့်သုံးရန်၊ (၄) တိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းစွာ စုပေါင်းနေထိုင်ခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများ မပျောက်မပျက် ထာဝစဉ်



ရှင်သန်သက်ဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရေးလမ်းစဉ်ကို စောင့်ထိန်းလိုက်နာရန် အခြေခံမူများ ချမှတ်ထားပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်တို့ပါတီဝင်တိုင်းဟာ နိုင်ငံတော်၊ နိုင်ငံသားများနှင့် ပါတီအပေါ်တွင် သစ္စာရှိခြင်း၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားအားလုံး ရင်းနှီးချစ်ကြည်ရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏အကျိုးကို အားပေးမြှင့်တင် ကာကွယ်စောင့်ရှောက်သည့် အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲထားရှိမွေးမြူခြင်း၊ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို မပျောက်မပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်ကို သက်ဝင်ယုံကြည် လိုက်နာကျင့်သုံးခြင်း စသည်တို့ကို “ပါတီဝင်များ၏ ကျင့်ဝတ်”အဖြစ် သတ်မှတ်ကာ လေးစားလိုက်နာ စောင့်ထိန်းကျင့်သုံးကြပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်တို့ပါတီ၏အလံမှာ အနီရောင် အောက်ခံပေါ်တွင် အဝါရောင် ခွပ်ဒေါင်းနှင့် ကြယ်ဖြူ ၁၄ လုံး ပါရှိပါတယ်။ အလံ၏အလယ်တွင် အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့် ခွပ်ဒေါင်းပုံနှင့် ခွပ်ဒေါင်း၏ အောက်နှင့် အထက်တို့တွင် အရွယ်တူ ကြယ်ဖြူ ခုနစ်လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အနီရောင်အောက်ခံမှာ ရဲစိတ်ရဲမာန် ထက်သန်ခြင်းသဘောကိုဆောင်ပြီး ကြယ်ဖြူ တစ်ဆယ့်လေးလုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ အတူတကွ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်း ဖြစ်ပါတယ်။ အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့်ဟန်ရှိသည့် ခွပ်ဒေါင်းသင်္ကေတမှာ နိုင်ငံတော်နှင့် နိုင်ငံသား၏ အကျိုးစီးပွား အမျိုး ဘာသာ သာသနာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် လုပ်ဆောင်ချက်များကို တွန်းလှန်တိုက်ဖျက်ချေမှုန်းရာတွင် လိုအပ်ပါက အသက်ကိုပင် စတေးမည်ဟူသည့် သဘောအဓိပ္ပာယ် ဆောင်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -**

ကျွန်တော်တို့ပါတီဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လည်းကောင်း၊ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် နိုင်ငံသားတိုင်း တန်းတူရည်တူ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လည်းကောင်း၊ နိုင်ငံသားတိုင်း မွေးရာပါ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီလူ့အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိသော လူနေမှုဘဝတစ်ခုကို ခိုင်ခိုင်မာမာ ထူထောင်နိုင်ရေးအတွက် လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေးကို ရှေးရှု၍ အထွေထွေဟန့်တားနှောင့်ယှက်မှုများအား ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းကြား၌ ဂုဏ်သိက္ခာရှိစွာ မိတ်ဝတ်မပျက် ပါဝင်ရပ်တည်နိုင်ရေးအတွက် လည်းကောင်း ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး၊ မြန်မာ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝရှိသည့် လူနေမှုဘဝဖြစ်စေရေးအလို့ငှာ အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြမည်ဟု အဓိဋ္ဌာန်ပြုပါတယ်။

ကျွန်တော်တို့ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် အသက်(၁၈)နှစ်ပြည့်ပြီးသည့် နိုင်ငံသားများက ပါတီဝင်ခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးထောက်ခံခြင်းနှင့် လူအား ငွေအား အကြံဉာဏ်အားများဖြင့် ပံ့ပိုးပေးနိုင်ပါကြောင်းနှင့် ပါတီ၏ဆောင်ပုဒ်မှာ “ခွပ်ဒေါင်းအားမာန် မြဲရှင်သန်၊ ရရန်မလွဲ ဒို့အောင်ပွဲ”ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

နိုင်ငံတစ်ဝန်းလုံးမှ မဲဆန္ဒရှင် မိဘပြည်သူအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီနိုင်ငံ တည်ထောင်ရေးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ကြပါစေခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**
အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးအေးလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်းတို့အား မင်္ဂလာညချမ်းပါဟု ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကျွန်တော့်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ဖွဲ့စည်းဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဦးစွာတင်ပြပေးချင်ပါတယ်။

“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်”အမည်ရှိ ဤပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ကျွန်ုပ်တို့ တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် သမိုင်းမတင်မီကာလမှစ၍ ယနေ့ထက်တိုင် ဥမကွဲသိုက်မပျက် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့သည် ဤမြေပေါ်၌ပင် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးတို့ကို မိမိတို့၏ “ကိုယ်ပိုင်အမျိုးသားရေးအမြင်”၊ “ကိုယ်ပိုင်အမျိုးသားရေးဝါဒ” တို့ဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြပါတယ်။ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကာလမှသည် ကိုယ်ပိုင်ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့် “လောကပါလတရားနှင့် အပရိဟာနိယတရား (၇)ပါး”တို့ကို ကောင်းစွာယုံကြည် လိုက်နာကျင့်သုံးခဲ့ကြခြင်းဖြင့် ဒီမိုကရေစီကျင့်စဉ်များနှင့်လည်း အကျွမ်းတဝင်ရှိခဲ့ကြပြီး ဖြစ်ကြပါတယ်။ ထို့အပြင် လူ့အခွင့်အရေးကိုလည်း လေးစားလိုက်နာ တန်ဖိုးထားခဲ့ကြပါတယ်။

သို့ရာတွင် ပြည်ထောင်စုကြီး၏ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်းကိုသာ အစဉ်ရှေးရှုလုပ်ဆောင်ခြင်း၊ အပြုသဘောမဆောင်ဘဲ နေရာတကာတိုင်းတွင် “ဆန့်ကျင် ဖီလာစိတ်”ဖြင့် ပြည်ပစွက်ဖက်မှုနှင့် ပိတ်ဆို့မှုတို့ကို လက်ယပ်ခေါ်နေကြတဲ့ “အဆိုးမြင်ဝါဒ”လက်ကိုင်ပြုထားကြသူ ပြည်တွင်းပြည်ပ လက်ဝဲ/လက်ယာ မြေပေါ်/မြေအောက် “အစွန်းရောက်အဖျက်သမားများ၏ အမျိုးသားရေးနှင့် ပြည်ထောင်စုရေး – သစ္စာဖောက်မှု အသွယ်သွယ်” ကို “ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်” အရင်းခံဖြင့် ဆန့်ကျင်ကာကွယ်တားဆီးကြရပေမည်။ တစ်ချိန်တည်းမှာပင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်အားကောင်းပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး ဖော်ဆောင်နိုင်ရေး ဦးတည်ချက်အတိုင်း ကျွန်ုပ်တို့ ပြည်ထောင်စုဖွား မျိုးနွယ်စုအားလုံးက ဆက်လက်ချီတက်ကြရပေမည်။

ဤတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေခြင်းအလို့ငှာ “ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ”က “အမျိုးသားရေး”၊ “ဒီမိုကရေစီရေး”၊ “လူ့အခွင့်အရေး”စံသတ်မှတ်ချက် မူဘောင်အတွင်းမှ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝကို တိုးတက်မှုအမြင့်မားဆုံးအဆင့်သို့ ရောက်ရှိလာစေရေးအတွက် တိုင်းရင်းသားပြည်သူလူထုကြီးတစ်ရပ်လုံးနှင့်အတူ ညီညွတ်စွာ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားပါမယ်။

ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုတစ်ရပ်လုံးက တန်းတူညီမျှ ငြိမ်းချမ်းစွာပါဝင်ခွင့်ရှိပြီး တန်းတူညီမျှ အကျိုးခံစားခွင့်လည်း ရရှိသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးတစ်ရပ် ပေါ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ဤ “ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY)” ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုမီနီယမ်၊ တိုက်(F)၊ အခန်း(၀၃-၃) တွင် ၂၀၀၇ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့၌ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ ဦးဆောင်မှုဖြင့် အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးပေါင်းပါဝင်လက်တွဲကာ စတင်ဖွဲ့စည်း တည်ထောင်ခဲ့ကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီသည် ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)၏ ဦးဆောင်မှု အခြားအမျိုးသားရေး အင်အားစုများ ပူးပေါင်းဆောင်ရွက်မှုဖြင့် စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှု (၂၀၀၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၇)နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၉)တို့ကို ပြုလုပ်ဖော်ဆောင်ခဲ့ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ကာ “တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခွင့်ရှိသည့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍသစ်”တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် နောက်ခံသမိုင်းကြောင်းအခြေခံဖြင့် ပေါ်ပေါက်ဖြစ်တည်လာသော နိုင်ငံရေးပါတီတစ်ရပ်လည်းဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်းတို့ခင်ဗျား –**

ကျွန်တော့်အနေဖြင့် ပါတီ၏မူဝါဒ သဘောထားများကို ဆက်လက်တင်ပြပါမယ်။

လွတ်လပ်သည့် အမျိုးသားရေးဝါဒကို ပါတီတွင်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးပါတယ်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီကျင့်စဉ်ကို လွတ်လပ်သည့် အမျိုးသားရေးဝါဒနှင့်အညီ လိုက်နာကျင့်သုံးပါတယ်။

နိုင်ငံသားများ၏ ကျင့်ဝတ်သိက္ခာ၊ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် အကျိုးစီးပွားများကို ဆုတ်ယုတ်ပျက်ပြားစေသော ပြည်တွင်းပြည်ပ မည်သည့်လုပ်ဆောင်ချက်မျိုးကိုမဆို ဆန့်ကျင်ပါတယ်။

ပါတီ၏ သဘောထားအမြင်များသည် ပါတီဝင်တစ်ရပ်လုံး၏ သဘောထားကို ထင်ဟပ်ပါတယ်။

လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ထွန်းကားရေးကို ဦးတည်ပါတယ်။

**မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်းတို့ခင်ဗျား –**

ပါတီ၏ ဦးစားပေးလုပ်ငန်းစဉ်များကို ကျွန်တော့်အနေဖြင့် ဆက်လက်တင်ပြပါမယ်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် အမြန်ဆုံးဖော်ဆောင်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခရပ်စဲရေးနှင့် နိုင်ငံတစ်ဝန်း အစဉ်ထာဝရငြိမ်းချမ်းရေး၊ ကမ္ဘာတည်သရွေ့ မြန်မာတိုင်းရင်းသား မျိုးနွယ်စုများ လူမျိုးမပျောက်မပျက်ဘဲ ဆက်လက်ရှင်သန်ရပ်တည်ရေး ဆောင်ရွက်ပါမယ်။

နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သတင်းမီဒီယာများအရေးတို့ကို ကဏ္ဍအလိုက် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် အခြေချနေထိုင်ရေး၊ အိမ်ခြံမြေ၊ စိုက်ပျိုးမြေ၊ အခြားလုပ်ငန်းသုံးမြေများရရှိရေး၊ လယ်ယာမြေအခြားနည်းအသုံးပြုခွင့်အတွက် ပွင့်လင်းမြင်သာသည့် ဥပဒေများ ထွန်းကားလာရေး၊ အမှန်တကယ် စိုက်ပျိုးသော စိုက်ပျိုးမြေ ဧကအလိုက် ချေးငွေအပြည့်အဝ ထုတ်ပေးရေး၊ လယ်ယာသုံးစက်ကိရိယာဝယ်ယူရေး ချေးငွေရရှိရေး၊ နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို ကြိုးပမ်းလုပ်ဆောင်သွားပါမယ်။

ပြည်ထောင်စုအဆင့် ရန်ပုံငွေစနစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရန်ပုံငွေစနစ်၊ အများပြည်သူ၏ဆန္ဒအလျောက် ထည့်ဝင်သည့်ရန်ပုံငွေစနစ်၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သော ရန်ပုံငွေစနစ် ဖော်ဆောင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်နှင့်အညီ ကျင့်သုံးနိုင်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

ဘေးအန္တရာယ်ခံစားနေကြရသည့် နိုင်ငံသားများ၏ အရေးအတွက် ကယ်ဆယ်ရေး၊ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရေး၊ ရန်ပုံငွေစနစ်ထားရှိရေး၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သည့် ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ပွင့်လင်းမြင်သာမှုရှိရှိ အသုံးပြုရေး ဆောင်ရွက်သွားပါမယ်။

လူငယ်ကျောင်းသား၊ သက်ကြီးရွယ်အို၊ အမျိုးသမီး၊ မိခင်နှင့် ကလေးသူငယ်၊ မသန်စွမ်းသူများ၊ အချုပ်သားအကျဉ်းသား၊ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ၊ ပြည်ပတွင်အလုပ်အကိုင်ဖြင့် ရောက်ရှိနေသူများ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင် အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများ အစရှိသည့် လူတန်းစားအလွှာအသီးသီး၏ လိုအပ်ချက်များကို ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့နှင့်အညီ ဖြစ်ပေါ်လာသော အခွင့်အလမ်းကောင်းများကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ရေး အသေးစိတ်မူဝါဒများ ချမှတ်ဆောင်ရွက်သွားပါမယ်။

မြို့ပြနှင့် ကျေးလက် ကွာဟမှုမရှိစေဘဲ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးနှင့် ရေသွင်းစိုက်ပျိုးမြေဧရိယာတိုးချဲ့သတ်မှတ်ရေး ဆောင်ရွက်သွားပါမယ်။

ကျောင်းသားလူငယ်၊ တောင်သူလယ်သမား၊ အလုပ်သမား၊ နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်းနှင့် အသိပညာရှင် အတတ်ပညာရှင်သမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်ရေးနှင့် ရုံးအဆောက်အအုံမြေနေရာရရှိရေး ဆောင်ရွက်သွားပါမယ်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အတွက် ဥပဒေအစီအမံများ ပြုလုပ်၍ ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်းတို့ခင်ဗျား –**

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများကို လွတ်လပ်စွာ အပြိုင်အဆိုင်လုပ်ကိုင်ခွင့်ရရှိရေးနှင့် အလုပ်လက်မဲ့ပပျောက်ရေး ဆောင်ရွက်ပါမယ်။

အမျိုးဘာသာ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသည့် ဝံသာနုရက္ခိတ တရားများ ပိုမိုထွန်းကားပြန့်ပွားရေး၊ အမျိုးသားစာရိတ္တမဏ္ဍိုင် မြင့်မားရေး၊ အမျိုးသားစာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှု၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်မျှပေး ကျန်းမာရေးစောင့်ရှောက်မှု၊ ပုဂ္ဂလိကပိုင်၊ အများပိုင်၊ ဖက်စပ်ပိုင်၊ သမဝါယမပိုင်နှင့် အခြား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေ ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအာမခံထားရှိရေး လုပ်ငန်းများကို ဆောင်ရွက်သွားပါမယ်။

ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးဖြစ်စေမယ့်စာမတတ်သူပပျောက်ရေး၊ မသင်မနေရ အခမဲ့အခြေခံပညာရေးစနစ် ဖော်ဆောင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ စိတ်ကြိုက်ဘာသာ ရွေးချယ်သင်ကြားနိုင်သော တက္ကသိုလ်ပညာရေး၊ ပညာသင်ထောက်ပံ့ကြေး ရန်ပုံငွေစနစ်ထူထောင်ရေး၊ ပညာရပ်ဆိုင်ရာ သုတေသန ရန်ပုံငွေထူထောင်ရေးတို့ကို အထူးဦးစားပေး ဆောင်ရွက်သွားပါမည်။

အမျိုးသားပညာရည်မြင့်မားရေးကိုရှေးရှု၍ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပေါ်လာရေး ဆောင်ရွက်ပါမယ်။

လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်တို့ကို အားပေးပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာကို ဘိုးဘွားအမွေအနှစ်အဖြစ် တန်ဖိုးထား ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပါမည်။ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ၏ အများစု ကိုးကွယ်ယုံကြည်သော ဝိသေသ လက္ခဏာရှိသည့် ဘာသာတရားဖြစ်သည်ဟု အလေးအနက် တန်ဖိုးထား အသိအမှတ်ပြုပါတယ်။



**မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသားဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ပါမယ်။

တိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေသေးသည့် အရပ်ဒေသများရှိ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အသိအမှတ်ပြုပါတယ်။

**မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်းတို့ ခင်ဗျား –**

နိုင်ငံတော်၏အဓိက မဏ္ဍိုင်ကြီး(၃)ခုဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ယန္တရားအဆင့်ဆင့်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အများပြည်သူတို့၏ မွေးရာပါ လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များနှင့် ခံစားခွင့်များကို တစ်စုံတစ်ရာ ထိခိုက်နစ်နာမှု မရှိစေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

တရားစီရင်ရေးစနစ် မူဘောင်အတွင်းမှ နိုင်ငံသားတိုင်း မည်သူမဆို တရားစွဲဆိုပိုင်ခွင့်၊ အမှုကျေအေးပိုင်ခွင့်၊ ထုချေပိုင်ခွင့်၊ အယူခံပိုင်ခွင့်တို့နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားစီရင်ခွင့်ကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရရှိနိုင်စေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒတို့ကို လက်ခံကျင့်သုံးမယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေး၊ မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံကိုမျှ စစ်ရေးအရ စတင်တိုက်ခိုက်ခြင်းမပြုရေးနှင့် နိုင်ငံအတွင်းတွင် မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြုရေးတို့ကို ရပ်တည်ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ(UMFNP) ပါတီ၏ အလံနှင့် ပါတီသင်္ကေတတံဆိပ်တို့နှင့် ပတ်သက်၍ ဆက်လက်တင်ပြပါမယ်။

အောက်ခံအရောင်အနီ၊ အလယ်တွင် အဖြူရောင်အောက်ခံ အဝိုင်းအတွင်း အစိမ်းရောင် ကဒေါင်းနှင့် ကဒေါင်း၏ အောက်နှင့် အထက်တို့တွင် အရွယ်တူကြယ်ဖြူ(၇)လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အဲဒီအလံကို ပါတီအထိမ်းအမှတ်အလံအဖြစ် သတ်မှတ်ပါတယ်။

အနီရောင်သင်္ကေတသည် ရဲစိတ်ရဲမာန် ထက်သန်စေခြင်းသဘောကို ဆောင်သည်။ အလယ်ရှိအဖြူရောင်နောက်ခံစက်ဝိုင်းသည် ဖြူစင်ခြင်းသဘောကို ဆောင်သည်။ အရွယ်တူ ကြယ်ဖြူ (၁၄)လုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ အတူတကွ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်းဖြစ်သည်။ အစိမ်းရောင် ကဒေါင်းသည် တိုင်းရင်းသားအားလုံး၏ စုပေါင်းအမည်နာမဖြစ်သည့် မြန်မာကို ကိုယ်စားပြုပြီး အမျိုးဘာသာသာသနာ ပညာထွန်းလင်းကာ စပါးဆန်ရေ ရတနာရွှေငွေဥစ္စာပစ္စည်း အထွေထွေ ပေါ်ကြွယ်ဝခြင်း သဘောကိုဆောင်သည်။

**မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်းတို့ခင်ဗျား**

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP) ပါတီ၏ ဆောင်ပုဒ်ကတော့

**“ကောင်းကျိုးအထွေထွေရယ်နဲ့ ချွန်စေမြစေစော ဒေါင်းအိုးဝေရယ်နဲ့ တွန်စေကစေ သောဝ်..”**

ရွေးကောက်ပွဲမှာ အသုံးပြုမည့် ပါတီဆောင်ပုဒ်ကတော့

**“လူမှန် မူမှန် နေရာမှန် ပြောင်းလဲခြင်းအမှန် ဖြစ်ဖို့ ‘က’ ဒေါင်းပါတီကို မဲပေးစို့”** ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်းတို့ခင်ဗျား –**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ရဲ့ လူဦးရေ(၇၀%)ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီးတော့ လယ်ယာလုပ်ငန်းနှင့် အသက်မွေးကြပါတယ်။ လယ်ယာလုပ်ငန်းများ ခေတ်မီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ယန္တရားများကို အသုံးပြုပြီး ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်ရေး၊ လယ်ယာလုပ်ငန်းသုံး ရင်းနှီးငွေနှင့် သွင်းအားစုများ ပြည့်ပြည့်ဝဝ ဖူဖူလုံလုံ ဖြည့်ဆည်းပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု စရိတ်နှင့် သီးနှံဈေးနှုန်းများ တည်ငြိမ်မျှတရေး ထိန်းညှိဆောင်ရွက်ပေးခြင်း၊ လယ်ယာထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် စီမံပေးခြင်းတို့ကို ပြုလုပ်ခြင်းအားဖြင့် လယ်ယာစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံသားအများစု၏ လူနေမှုဘဝဟာလည်း ပိုမိုမြင့်မားတိုးတက်လာမှာဖြစ်တဲ့အတွက်ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အကျိုးစီးပွားကို အားပေးမြှင့်တင်ကာကွယ်ပေးသည့် ဥပဒေများ လက်တွေ့ကျကျ ရှင်သန်အသက်ဝင်လာရေး၊ လယ်ယာမြေပြဿနာများ ဥပဒေနှင့်အညီ မြန်မြန်ဆန်ဆန် ဖြေရှင်းပေးရေးတို့ဟာ နောင်တက်လာမည့် ရွေးကောက်ခံ လွှတ်တော်နှင့် ရွေးကောက်ခံအစိုးရအတွက် အရေးကြီးတဲ့တောင်းဆိုချက်တစ်ခု ဖြစ်လာပါတယ်။ အဲဒီတောင်းဆိုချက်အရ လွှတ်တော်ထဲကိုရောက်ဖို့အတွက် ကဒေါင်းတံဆိပ်နဲ့ ယှဉ်ပြိုင်အရွေးခံတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ(UMFNP)ပါတီကို မဲဆန္ဒရှင်မိတ်ဆွေပြည်သူအပေါင်းက မဲပေးထောက်ခံကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်လိုက်ပါတယ်။

“မဲဆန္ဒရှင် မိတ်ဆွေပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။”

# ကျောက်မဲမြို့နယ် လွယ်ကောင်းမူးတောင်၌ တည်ဆောက်ဆဲ အဘယသိဒ္ဓိလာဘမုနိ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ထည့်သွင်းပူဇော်မည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များနှင့် ဌာပနာပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ကျောက်မဲ နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအုပ်စု ခိုအုံကျေးရွာ ခိုအုံကျောင်းတိုက် အနီး လွယ်ကောင်းမူးတောင်တွင် တည်ဆောက်ဆဲဖြစ်သော အဘယသိဒ္ဓိလာဘမုနိ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ထည့်သွင်းပူဇော်မည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များနှင့် ဌာပနာပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ကျောက်မဲခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ကျောက်မဲမြို့ ကမ္ဘောဇသျှမ်းကျောင်းကြီး ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက တည်ဆောက်ဆဲ ဥဏှတော်ပေ ၉၀ ရှိ အဘယသိဒ္ဓိလာဘမုနိ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ထည့်သွင်းပူဇော်မည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်နှင့် ဌာပနာပစ္စည်းများကို ခိုအုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီထံ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။



ယင်းနောက် ကျောက်မဲမြို့ ကမ္ဘောဇသျှမ်းကျောင်းကြီးဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြောက်ဥက္ကလာပမြို့နယ်၌ အသက် ၇၃ နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့၌ စံပြ(၇) ရပ်ကွက် ဥက္ကာလမ်းမိသားစု၏ (၄၉)ကြိမ်မြောက် ရွှေရတုအကြို အသက် ၇၃ နှစ်အထက် သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။



ဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့ပြီး သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ (၄၉)ကြိမ်မြောက် ရွှေရတုအကြို သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဦးသန့်ဦးက ငွေစာရင်းရှင်းတမ်း ကိုဖတ်ကြားပြီး (၄၉)ကြိမ်မြောက် ကျင်းပရေး ဦးစီးကော်မတီက လှူဒါန်းသော အလှူငွေများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသော ငွေပဒေသာပင်များကို မဲဖောက်လှူဒါန်းရာ ကော်မတီဝင်အသီးသီးက ပေးအပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် (၄၉)ကြိမ်မြောက် ရွှေရတုအကြို သက်ကြီးပူဇော်ပွဲတွင် ဥက္ကာ(၅) လမ်းနေ အသက်အကြီးဆုံး အဘွား ဒေါ်ကြည်လေး အသက် ၁၁၀ နှစ်အား သီးသန့်လှူဒါန်းငွေ ၁၁ သိန်းကျပ်ကို အလှူရှင်များက ထပ်မံလှူဒါန်းပေးအပ်ခဲ့ကြသည်။

ထို့သို့ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ရာတွင် ဥက္ကာလမ်းမိသားစု၏ အသက် ၇၃ နှစ်အထက် သက်ကြီးဘိုးဘွား တစ်ဦးလျှင် ကော်မတီက လှူဒါန်းငွေကျပ် ၅၅၀၀၀ စုစုပေါင်း အဘိုးအဘွား ၁၉၃ ဦးအတွက် လှူဒါန်းငွေကျပ် ၁၀၆၁၅၀၀၀ နှင့် ငွေပဒေသာပင်တန်ဖိုးငွေကျပ် ၅၅၇၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၁၈၅၀၀၀ ဖြစ်ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



# ဘီးလင်းမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ ဈေးနှုန်းမှန်ကန်စွာရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

**ဘီးလင်း နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ စက်သုံးဆီရောင်းချလျက်ရှိသော ဆီဆိုင်များအား ပုံမှန်ဈေးနှုန်းအတိုင်းရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းမှစတင်ကာ တာဝန်ရှိသူများက စစ်ဆေးသည်။

အဆိုပါ စက်သုံးဆီဆိုင်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းတင်နှင့် ကော်မတီအဖွဲ့ဝင်များပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များဖြစ်သော SOLO ဆီဆိုင်၊ DENKO ဆီဆိုင်၊ PUMAR ဆီဆိုင်၊ ROYAL ဆီဆိုင်နှင့် ပြည့်ဝဆီဆိုင်များသို့ သွားရောက်ကာ စက်သုံးဆီရောင်းချသည့် ဈေးနှုန်းများစစ်ဆေးခြင်း၊ ရောင်းချဆီလီတာများ ပြည့်၊ မပြည့် စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး စက်သုံးဆီ အသုံးပြုသူများ ဆီပြတ်တောက်မှုမရှိအောင် စနစ်တကျရောင်းချပေးရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား ထပ်ဆင့်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အောင်လံမြို့နယ်၌ ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်

**အောင်လံ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က အောင်လံမြို့နယ်အတွင်းရှိအာမခံအလုပ်သမားများ၏ သား သမီးများအား ပညာသင်စရိတ်ထောက်ပံ့ကြေးနှင့် လျှော်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က အောင်လံမြို့ မီးခံအုတ်စက်ရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် အောင်လံမြို့ လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်တင်တင်ညိုက အမှာစကားပြောကြားပြီး ပညာသင်စရိတ် ထောက်ပံ့ကြေးနှင့် လျှော်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု ဆိုင်ရာ အကျိုးခံစားခွင့် ကျပ်သန်းပေါင်း ၉၂ ဒသမ ၂၆၃ သန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**



# စံပြကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပွဲ ကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့တွင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စံပြ ကျေးရွာသူ ကျေးရွာသားများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မဒေါ့ပင်စံပြ ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးနေလင်းစိုးက ကျေးရွာဆိုင်ရာ အချက်အလက်များနှင့် SMART Village ဆောင်ရွက် ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးသိန်းလွင်က လိုအပ်သည် များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန် ရှိသူများသည် မဒေါ့ပင်စံပြ ကျေးရွာ၏ IT Centre ဆောင်ရွက် ထားရှိမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ချုပ်နှင့် တာဝန်ရှိသူများ၊ မြောင်းမြ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စံပြကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆောင်းသီးနှံစိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့များပေးအပ်

ဘုတ်ပြင်း နိုဝင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ ကျင်းပသည့် ဆောင်းသီးနှံ (မတ်ပဲနှင့်အစေ့ထုတ်ပြောင်း) စိုက်ပျိုးကြမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့များ ပေးအပ်ပွဲသို့ တက်ရောက်သည်။



ပြောကြား

ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်ကုန်များ ပိုမိုတိုးတက်ရရှိရေးအတွက် အဓိကသီးနှံများ လျာထားချက်ပြည့်မီရေး၊ အဓိကသီးနှံများ၏ တစ်ဧကအထွက်နှုန်း ရရှိရေး မတ်ပဲနှင့်အစေ့ထုတ်ပြောင်းအတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အကျိုးဆောင်တောင်သူများအား ဖြန့်ဖြူးပေးခြင်းဖြစ်ကာ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့စီးပွားမြင့်တင်ရေးကို ရှေးရှုဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ယနေ့ပေးအပ်သည့် သွင်းအားစုမျိုးစေ့များကို တောင်သူများအနေဖြင့် ထိထိမိမိအသုံးချပြီး မိမိတို့စိုက်ပျိုးထားရှိသည့် သီးနှံများ၏ တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းထိုက်က ဆောင်းသီးနှံ (မတ်ပဲနှင့် အစေ့ထုတ်ပြောင်း) စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့များ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံ(မတ်ပဲနှင့် အစေ့ထုတ်ပြောင်း)များ ပေးအပ်ရာ မတ်ပဲမျိုးစေ့စိုက်အကျိုးဆောင် တောင်သူ ၁၇ ဦးအား မတ်ပဲမျိုးစေ့ တင်း ၃၀၊ အစေ့ထုတ်ပြောင်းစိုက် အကျိုးဆောင် တောင်သူခုနစ်ဦးအား အစေ့ထုတ်ပြောင်း မျိုးကောင်းမျိုးသန့် ၇၅ ကီလိုတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အင်္ဂပူမြို့၌ မီးဘေးကာကွယ်ရေး အသိပညာပေး

အင်္ဂပူ နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့ မြို့တော်ခန်းမ၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်နည်းတို့ကို တာဝန်ရှိသူများအား လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## နတ်တလင်းမြို့၌ ရေဆင်းပေါ်ဆန်း-၁ နှင့် ရေဆင်းပေါ်ဆန်း-၂ စပါးမျိုးများ မျိုးသန့်ပွားစိုက်ပျိုးခြင်း ကွင်းဆင်းကြည့်ရှု

နတ်တလင်း နိုဝင်ဘာ ၁၆

စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်)ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ပြည်ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုးတို့နှင့်အတူ ၂၀၂၅-၂၀၂၆ မိုးစပါးစိုက်ပျိုးချိန်ရာသီတွင် နတ်တလင်းမြို့နယ် တံခွန်တိုင်ကျေးရွာ တောင်သူ ဦးရဲမြင့်၏ လယ်မြေတွင် စိုက်ပျိုးထားသော အရည်အသွေးကောင်း၊ အထွက်ကောင်း စပါးမျိုးဖြစ်သည့် ရေဆင်းပေါ်ဆန်း-၁ စပါးမျိုး တစ်ဧကနှင့် ရေဆင်းပေါ်ဆန်း-၂ စပါးမျိုး တစ်ဧက



မျိုးသန့်ပွား စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရေဆင်းပေါ်ဆန်း စပါးမျိုးများသည် နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်ပြီး ပေါ်ဆန်းမွှေးကဲ့သို့ အရည်အသွေးကောင်းမွန်ခြင်း၊ ရက် ၁၂၀-၁၃၆ ရက်သက်တမ်းရှိ အထွက်ကောင်းမျိုးများ ဖြစ်ကာ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်သည့် အလားအလာကောင်းသော စပါးမျိုးများဖြစ်၍ နိုင်ငံခြား Export တင်ပို့နိုင်ခြင်းကြောင့် တောင်သူဝင်ငွေ နှစ်ဆတိုးပြီးရရှိနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများ ရေဆင်းပေါ်ဆန်းစပါးမျိုးများကို တွင်တွင် ကျယ်ကျယ်စိုက်ပျိုးကာ ပြည်တွင်း စားသုံးမှုပိုလျှံအောင် ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေး ကြိုးပမ်းခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရရှိနိုင်ကြောင်း၊ ယခုမျိုးသန့် စပါးမျိုးစေ့များကို အသုံးပြုပြီး လာမည့် ၂၀၂၆-၂၀၂၇ မိုးစပါးရာသီနှင့် နွေစပါးရာသီတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရန် လိုကြောင်း တောင်သူများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

❖ ကျောဖုံးမှ

ယခုအခါ ရင့်မှည့်စပါးခင်းများတွင် အချိန်တိုအတွင်း ရိတ်သိမ်းနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်ပေးကာ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဆောင်ရွက်စေခြင်း၊ ရိတ်သိမ်းပြီးစပါးများအား အမိုးအကာအောက်သို့ အမြန်ဆုံးသယ်ယူအခြောက်ခံနိုင်ရန် ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့ရှိ အခြောက်ခံစက်များတွင် အခြောက်ခံစေခြင်းနှင့် မိုးရွာသွန်းပါက အကျိုးဆောင်တောင်သူများ၏ရိတ်သိမ်းဆဲသီးနှံများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် သတိပေးနှိုး ဆော်ခြင်းလုပ်ငန်းများကို ပညာပေးဆောင်ရွက်လျက်ရှိသည်။

မိုးစပါးရိတ်သိမ်းအပြီးတွင်လည်း ဆောင်းသီးနှံအဖြစ် နှမ်း ဧက ၉၆၀၊ နေကြာ ၂၁၉ ဧက၊ မြေပဲ ၁၀ ဧက၊ အစေ့ထုတ်ပြောင်း ဧက ၁၅၀ နှင့် အခြားစားဖိုဆောင်သီးနှံများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## ချောက်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်



ချောက် နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ မြို့နယ်မီးသတ်တပ်ဖွဲ့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် ပဲကြော်ဖိုများသို့ သွားရောက်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း၏ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးသက်တင်နှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆိုင်များ၌ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ ဆိုင်ခန်းများအတွင်း မီးလောင်လွယ်သည့်ကုန်ပစ္စည်းများ သိုလှောင်ခြင်းမပြုရန်တို့ကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)



တိုက်ကြီးမြို့နယ်၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျေးလက်လမ်းများအား နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးလမ်း(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်ညွန့်ရပ်ကွက် သဒ္ဓမ္မဇ္ဈောတိကာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ရေသန့်ဌာနမှ တာဝန်ခံ ဒေါ်ရွှေစင်မြတ်နှင့် သန့်ရှင်းရေးတာဝန်ခံ ဦးအောင်အောင်တို့က ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေးအကြောင်းအရာများ ဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်



များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# မြန်မာနိုင်ငံ I.S.P.E WFC အမျိုးသမီး ဘောလုံးအသင်းနှင့် မြောက်ကိုရီးယားနိုင်ငံ NAEGOHYANG WFC အမျိုးသမီး ဘောလုံးအသင်းတို့ယှဉ်ပြိုင်

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံ I.S.P.E WFC အမျိုးသမီး ဘောလုံးအသင်းနှင့် မြောက်ကိုရီးယားနိုင်ငံ NAEGO-HYANG WFCအမျိုးသမီး ဘောလုံးအသင်းတို့၏ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်ကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည်။





အဆိုပါ အမျိုးသမီး ဘောလုံးအသင်းတို့၏ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးပရိသတ်များက ကြည့်ရှုအားပေးကြရာ ပွဲပြီးဆုံးချိန်တွင် မြောက်ကိုရီးယားနိုင်ငံ NAEGO-HYANG WFCအမျိုးသမီး ဘောလုံးအသင်းက သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာနိုင်ငံ I.S.P.E WFC အမျိုးသမီး ဘောလုံးအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ် ပြိုင်ပွဲ အုပ်စု(C)တွင် တောင်ကိုရီးယားနိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံ အမျိုးသမီး ကလပ်အသင်းများဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်အတွင်းရှိပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအား ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ သင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း(မအူပင်)၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မအူပင် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မအူပင်)၌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် တရားမဝင် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ သွေးဆောင်ဖြားယောင်း ခိုးယူမှုများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက အဆိုပါကျောင်းရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး မအူပင်မြို့နယ်ရဲတပ်ဖွဲ့မှူးခင်မောင်ညွှန့်နှင့် မအူပင်မြို့နယ်ဥပဒေအရာရှိ ဒေါ်ကျော့ကေခိုင်တို့က တရားမဝင်လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ သွေးဆောင်ဖြားယောင်းခိုးယူမှုများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်းက သင်တန်းကျောင်းသို့ ဆန်၊ ဆီ၊ ကြက်သွန်၊ ကြက်ဥ/ဘဲဥနှင့် စာရေးကိရိယာများကို ပံ့ပိုးပေးအပ်ပြီး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဆက်စပ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မအူပင်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# MYANMAR NATIONAL BADMINTON CHAMPIONSHIP 2025 ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့် Bond Exclusive Clubတို့ ပူးပေါင်း၍ MYANMAR NATIONAL BADMINTON CHAMPIONSHIP 2025 ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်း အမျိုးသား ကြက်တောင် အားကစားခန်းမ၌ ကျင်းပသည်။




အဆိုပါပြိုင်ပွဲများတွင် အသက် ၉ နှစ်၊ ၁၁ နှစ်၊ ၁၃ နှစ်၊ ၁၅ နှစ်၊ ၁၇ နှစ်၊ ၁၉ နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီးသာမန်တန်း၊ တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ သက်လတ်တန်း နှစ်ယောက်ပေါင်း ၉၀ နှစ်၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း ၁၀၀ နှစ်၊သက်ကြီးတန်းနှစ်ယောက်ပေါင်း ၁၁၀ နှစ်၊ လူသစ်တန်း နှစ်ယောက်ပေါင်း ၁၂၀ နှစ်၊ လူသစ်တန်း၊ ဝါသနာရှင်တန်း အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အကြီးတန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား+အမျိုးသမီးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် အမှုဆောင်များက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် မျိုးဆက်သစ်ကစားသမားများ၊ လက်ရွေးစင်ကစားသမားများ၊ ဆီးဂိမ်းပြိုင်ပွဲဝင်ကစားသမားများ၊ဂျူနီယာတန်းမှ ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ပွဲစဉ်ပေါင်း ၁၂၀၀ ကျော် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ကလပ်ပေါင်း ၄၀ ကျော်၊ ကစားသမား ၇၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ဗလ**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြင်ဦးလွင်မြို့ရှိ ရွှေဆိုင်သို့ ဝင်ရောက်လုယက်မှုတွင် တရားခံဖမ်းဆီးရမိရေး ပူးပေါင်းပါဝင်ခဲ့သည့် ပြည်သူများအား ဂုဏ်ပြုဆုချီးမြှင့်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၆**

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြို့မရဲစခန်း (ပ) ၂၄၁/၂၀၂၅ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၉၄ အမှုမှ ရပ်ကွက်ကြီး(၃) နာရီစင်အနီးရှိ အောင်စံပယ် ရွှေဆိုင်အား ဝင်ရောက်လုယက်မှုတွင် တရားခံဖမ်းဆီးရမိရေး စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ပေးခဲ့သည့် ပြည်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲကျော်သူခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားသည်။ ထို့နောက် တရားခံဖမ်းဆီးရမိရေး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့သည့် ပြည်သူများအား တာဝန်ရှိသူများနှင့်ပြည်သူများက ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ **ခရိုင်(ပြန်/ဆက်)**







# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မွေးပျံ့ကြိုင်သင်း ဓမ္မပန်းခင်း




ကျောက်မဲဆရာတော်၏ အသက် (၇၆) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မွေးပျံ့ကြိုင်သင်း ဓမ္မပန်းခင်း တရားစာစုစာအုပ် ထွက်ရှိလာသည်။

ဆရာတော်၏တရားပွဲများတွင် ဟောပြောချက်များကို စာအုပ်အဖြစ် ထုတ်ဝေထားခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတွင် ဟောကြားသည့် တရားတော်များနှင့် ကျိုက်မရောမြို့နယ် ဝေဠုဝန်ကျောင်းတိုက်တွင် ဟောကြားသည့် ကံတရားတော်၊ မရမ်းကုန်းမြို့နယ် အမှတ် ၅ ရပ်ကွက် ကေတုမတီပရိယတ္တိစာသင်တိုက်တွင် ဟောကြားသည့် သိမ်တရားတော်၊ နေပြည်တော် မာရဝိဇယစကျင်ကျောက်သား ရုပ်ပွားဆင်းတုတော်ကြီး အနေကဇာတင်မင်္ဂလာသဘင်၌ ဟောကြားသည့် အနုမောဒနာတရားတော်၊ အင်းစိန်မြို့နယ် မိုဘိုင်းဆွမ်းလောင်းအသင်းကြီးတွင် ဟောကြားသည့် လူသားတိုင်းအတွက် အလိုအပ်ဆုံးအရာ တရားတော်၊ စမ်းချောင်းမြို့နယ် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၌ ဟောကြားသည့် ဝါဆိုသင်္ကန်းတရားတော်၊ ရွှေပေါက်ကံမြို့နယ်တွင် ဟောကြားသည့် စိတ်ကောင်းရှိပါ တရားတော်၊ ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာ ရာမကျောင်းတိုက်တွင် ဟောကြားသည့် ဝမ်းနည်းဝမ်းသာ တရားတော်၊ မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်တော်၌ ဟောကြားသည့် အရဟံတရားတော်၊ စလင်းမြို့နယ် ပုညာရာမကျောင်းတွင် ဟောကြားသည့် သပ္ပုရိသဒါနတရားတော်၊ မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်တော်၌ ဟောကြားသည့် အတ္တဟိတနှင့် ပရဟိတ တရားတော်၊ အရဟံဖောင်ဒေးရှင်းသင်တန်းသားများအား ဟောပြောပို့ချသည့် ခေါင်းဆောင်ကောင်းတို့ ကျင့်စဉ်၊ အရဟံဖောင်ဒေးရှင်း၏ အာစရိယဂုဏပူဇော်ပွဲတွင် ဟောကြားသည့် ဂါရဝမင်္ဂလာတရားတော်၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဟောကြားသည့် အနုဗလပ္ပဒါနကထာ တရားတော်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ၆ ရပ်ကွက် မာန်အောင်ဓမ္မာရုံ၌ ဟောကြားသည့် တစ်ရှစ်လုံး တရားတော် စသည့်တရားတော်ပေါင်း ၁၈ ပုဒ်ပါရှိသည်။

စာအုပ်ကို ပျိုးခင်းစာပေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်း၊ ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉၂၅၀၉၀၃၉၆၉၊ ၀၉ ၂၅၇၈၀၁၉၅၁၊ ၀၉၅၀၂၅၄၀၉ နှင့် နဂါးစာပေ (မန္တလေး) ၀၉၈၉၄၁၆၂၀၀ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## စာဖတ်ခြင်းနှင့် စာကြည့်တိုက်ဆိုင်ရာ အဆိုအမိန့် ဆောင်းပါးများ (ပထမတွဲ)




လေးအိမ်စု အရှင်ဝိစိတ္တသာရ၏ စာဖတ်ခြင်းနှင့် စာကြည့်တိုက်ဆိုင်ရာ အဆိုအမိန့်ဆောင်းပါးများ (ပထမတွဲ) စာအုပ် ထွက်ရှိလာသည်။


စာများများဖတ်မှ အသိအမြင်ကျယ်မည်။ အသိအမြင်ကျယ်မှ အကောင်းအဆိုး အမှားအမှန် ခွဲခြားနိုင်မည်။ စာဖတ်မှုအားနည်းသော နိုင်ငံတစ်ခုသည် ဗဟုသုတအားနည်းသည်။ ဗဟုသုတနည်းသော နိုင်ငံတစ်ခု၏ ပညာရေးသည် နိမ့်ကျသည်။ ထို့ကြောင့် လူတိုင်း စာဖတ်ကြရန် လိုအပ်သည်။ စာကောင်းပေကောင်းဖတ်ရှု၍ ရရှိသောဗဟုသုတသည် စာဖတ်သူ၏ စိတ်နှလုံးကို ထိန်းကျောင်းပြုပြင်လမ်းညွှန်ပေးသည်။ စာအုပ်စာပေ လူ့မိတ်ဆွေဟု ဆိုသည့်အတိုင်း စာဖတ်ခြင်းဖြင့် မိတ်ဆွေကောင်း ဆရာကောင်းကို ရရှိသည်။

စာကြည့်တိုက်များသည် အသိပညာပေးသည်။ နိုင်ငံ့သားကောင်းဖြစ်အောင် ဖန်တီးပေးသည်။ တိုင်းချစ်ပြည်ချစ်ဖြစ်လာအောင် လှုံ့ဆော်ပေးသည်။ သိပ္ပံပညာရှင်များ၊ စာပေပညာရှင်များ၊ တိုင်းပြည်ခေါင်းဆောင်များကို မွေးထုတ်ပေးသည်။ ကမ္ဘာပေါ်ရှိ ထင်ရှားကျော်ကြားသော သိပ္ပံပညာရှင်များ၊ စာပေပညာရှင်များ၊ တီထွင်သူများ၊ အနုပညာရှင်များ၊ ဗိသုကာများ၊ တိုင်းပြည်ခေါင်းဆောင်များသည် စာကြည့်တိုက်ကို အမှီသဟဲပြုပြီး ပေါ်ပေါက်လာသူများဖြစ်ကြောင်း စာရေးဆရာ ပါရဂူက ဆိုထားသည်။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် B ငါးလုံးရှိရန်လိုအပ်သည်။ Budget– ရန်ပုံငွေ ငွေကြေးရှိရမည်။ Building– အဆောက်အအုံရှိရမည်။ Books– စာအုပ်ကောင်းများရှိရမည်။ ရှိသင့်သောစာအုပ်များကို ရှိစေရမည်။ Brain– ဝန်ထမ်းများ နားလည်တတ်ကျွမ်းရမည်။ Borrowers– စာအုပ်ငှားသူ၊ စာဖတ်သူလူထုက စည်းကမ်းရှိရှိ စနစ်တကျအားပေးရမည်။ ထိန်းသိမ်းကူညီရမည်ဟု ဆရာဇော်ဂျီက ဆိုထားသည်။

စာအုပ်ကို မင်္ဂလာစာပေ၊ ဖုန်း ၀၉၄၄၈၀၀၈၅၃၈၊ ၀၉၇၉၅၂၅၂၉၉၁၊ သုဓမ္မဝတီဇရပ်၊ (ပအို့ဝ်ဓမ္မာရုံ ခေါင်းရင်း)၊ ဗဟန်း (၁)လမ်း ရန်ကုန်မြို့မှ ဖြန့်ချိသည်။

## ဟောပြောသူ လက်စွဲ




စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် ဟောပြောသူလက်စွဲစာအုပ်ထွက်ရှိလာပြီဖြစ်သည်။ အဆိုပါစာအုပ်တွင် ပရိသတ်ကို ပြောနည်းများ၊ ဟောပြောမှုအတတ်ပညာ၊ ပရိသတ်ကိုဟောပြောမယ့်သူ၊ နမူနာပြပရိသတ်ဟောပြောနည်း၊ လူ့အကြောင်း သူ့အကြောင်း၊ စာဖတ်သူများ ကြီးပွား၏၊ လူအများနှင့် ပြေပြစ်စွာဆက်ဆံနည်း၊ စာဖတ်လေလေ တိုးတက်လေ၊ အတွေ့အကြုံအမှတ်တရပုံရိပ်၊ စကားလက်ဆောင်၊ ဘဝဆိုတဲ့ကျောင်းတော်၊ စကားပြောနည်း၊ လူချစ်ဆေး၊ ခေါင်းဆောင်ရဲ့တာဝန်၊ စကားတန်ဖိုး၊ အံ့ဝင်ခွင်ကျ ဤလောက၊ ပညာနဲ့တူသောအလင်းရောင်၊ ဟောပြောသူတွင် ပြည့်စုံရမည့်လိုအပ်ချက်၊ ဟောပြောသူရဲ့ စွမ်းအား စသည့်ခေါင်းစဉ်များပါဝင်ပါသည်။

ယင်းစာအုပ်ကို နိုင်စာပေ အမှတ်(၁၅၀)၊ ရတနာလမ်းမကြီး၊ ရတနာအိမ်ရာ၊ တိုင်းရင်းသားကျေးရွာအနီး၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉ ၄၄၄၆၈၈၆၃၄၊ ၀၉ ၅၅၀၃၂၅၄၊ ၀၉– ၇၃၂၂၄၅၂၄ မှ ဖြန့်ချိလျက်ရှိပြီး တစ်အုပ်လျှင် ကျပ် ၉၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၁၆**

၁၃၈၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက အလှူငွေကျပ်သိန်း ၁၀၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၂၈၈ သိန်း၊ သာကေတမြို့နယ် စာရေးဆရာအသင်းဝင်ဆရာ နန်းအောင်လှိုင် – ဆရာမ သီရိနန်းထက်စံမိသားစုနှင့် ဆရာကြီး တက္ကသိုလ်တင်မောင်ထွေး (နတ်ရေကန်)အား ရည်စူး၍ နတ်ရေကန်မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ကွယ်လွန်သူ ဦးကျော်ဝင်း (ပုဏ္ဏဝတီဘုန်းဆွေ) အားရည်စူး၍ ဇနီးဖြစ်သူ ဒေါ်ဘေဘီမြင့် (ရွှေဘိုသီရိမာလာ) သားများ ဖြစ်ကြသော ဦးကိုကိုအောင်၊ ဦးကိုကိုမောင်နှင့် ဦးကိုကိုနိုင်မိသားစုက ငွေကျပ် ငါးသိန်း၊ အမရပူရမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၁၀၀၀၀၊ ဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်)၊ ဆရာဦးကျော်မြင့်(GA)နှင့် ကြံခင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါ်ခင်အေးသန်း (စာရေးဆရာမ ခင်ဆွေလတ်)၊ တောင်ငူမြို့နယ် စာရေးဆရာအသင်း၊ အလုံမြို့နယ် စာရေးဆရာအသင်းနှင့် ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ မောင်ကျော်ဇော(နံ့သာမြေ)က ငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်) တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၂၅၂၄၁၇၊ ၀၉–၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကျင်းပ



**အုတ်တွင်း နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဆောင်းပါးရှင် စောထိုက်လွင် ရေးသားသည့် "အလုပ်ခွဲခြားလုပ်ကိုင်ခြင်း" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။

### ရှင်းလင်းဆွေးနွေး

အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ချို (စာရေးဆရာ ခင်မောင်ချို– ကညွတ်ကွင်း) က စာပေဗဟုသုတများ အကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသော စာပေဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများက အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျောင်းသား ကျောင်းသူများအား အသိပညာ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ စာအုပ်စာစောင်ပြပွဲနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

**ရောဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဆုစျာန် စက်သုံးဆီ အရောင်းဆိုင်၌ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဟိန်းသူဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စစ်ဆေးစဉ်။**

မြို့နယ်(ပြန်/ဆက်)



# ဘဝ၏အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် စာဖတ်ခြင်း

**မိတ်ဆွေ.... ယနေ့ စာများများဖတ်ဖြစ်ပါသလား။ ဒီမေးခွန်းလေးကို ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ ဖုန်းထဲက သတင်းခေါင်းစဉ်တွေ၊ လူမှုကွန်ရက်က status တွေကို ဖတ်တာမျိုးမဟုတ်ဘဲ၊ စာအုပ်တစ်အုပ်ကို နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှုခဲ့သည့် နောက်ဆုံးအချိန်က မည်မျှရှိပြီလဲ။**

ကိုဘုန်း(ထုတ်လုပ်)

စာဖတ်ခြင်းသည် ကျွန်ုပ်တို့၏ဘဝအား ပိုမိုကျယ်ပြန့်စွာ မြင်တတ်စေရုံသာမက အတွေးအမြင်သစ်များနှင့် ကမ္ဘာသစ်များဆီသို့ ခေါ်ဆောင်သွားသည့်တံခါးဖြစ်သည်။ စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို သိပ္ပံနည်းကျ လေ့လာချက်များအရလည်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**စိတ်ဖိစီးမှုကို လျှော့ချပေးခြင်း**

လေ့လာချက်များအရ စာဖတ်ခြင်းသည် စိတ်ဖိစီးမှုကိုလျှော့ချရာတွင် ဂီတနားထောင်ခြင်း (သို့မဟုတ်) လမ်းလျှောက်ခြင်းထက်ပင် ပိုမိုထိရောက်မှုရှိကြောင်း တွေ့ရှိရသည်။ မိနစ် ၃၀ ခန့် စာဖတ်ခြင်းဖြင့် နှလုံးခုန်နှုန်းနှင့် ကြွက်သားတင်းအားများကိုကျဆင်းစေကာ စိတ်ဖိစီးမှုများ ပြေလျော့စေပါသည်။

**ဉာဏ်ရည်ဉာဏ်သွေးတိုးတက်စေခြင်း**

စာဖတ်ခြင်းသည် ဦးနှောက်၏ အာရုံကြောဆက်သွယ်မှုများကို လှုံ့ဆော်ပေးပြီး မှတ်ဉာဏ်နှင့် အာရုံစူးစိုက်မှုစွမ်းရည်ကို မြှင့်တင်ပေးသည်။ လေ့လာချက်များအရ ပုံမှန်စာဖတ်သူများသည် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ သိသိသာသာ လျော့နည်းကြောင်း တွေ့ရှိရသည်။

**စာနာနားလည်မှုစွမ်းရည် (Empathy) ကို မြှင့်တင်ပေးခြင်း**

စာအုပ်ထဲက ဇာတ်ကောင်များ၏ ခံစားချက်များ၊ အတွေ့အကြုံများနှင့် ရင်ဆိုင်ရမှုများကို ဖတ်ရှုရင်း လူအချင်းချင်း ပိုမိုနားလည်တတ်လာစေပါသည်။ ဤသို့ဖြင့် လက်တွေ့ဘဝတွင်လည်း အခြားသူများ၏ ခံစားချက်များကို ပိုမိုခံစားသိရှိနိုင်လာမည်ဖြစ်သည်။

**အသိပညာ ဗဟုသုတများ တိုးပွားစေခြင်း**

စာဖတ်ခြင်းသည် သင့်အား မည်သည့်နေရာသို့မဆို၊ မည်သည့်ခေတ်သို့မဆို ခေါ်ဆောင်သွားနိုင်သည်။ သိပ္ပံ၊ သမိုင်း၊ ဒဿနိကဗေဒ၊ စီးပွားရေး စသည့် ဘာသာရပ်ပေါင်းစုံမှ အသိပညာများကို ရယူနိုင်ပြီး သင့်ကိုယ်သင် ပိုမိုပြည့်ဝစေမည်ဖြစ်သည်။

**စာဖတ်ဖို့ အချိန်မရှိဘူးလား**

“အချိန်မရှိလို့” ဆိုသည့် အကြောင်းပြချက်သည် အကြီးမားဆုံးအတားအဆီး ဖြစ်နေတတ်သည်။ သို့သော် တစ်နေ့ကို ၁၅ မိနစ် သို့မဟုတ် မိနစ် ၃၀ ခန့် စာဖတ်ရန် အချိန်ဇယားဆွဲပါ။ အိပ်ရာမဝင်မီ ၁၅ မိနစ်ခန့် ဖတ်ရန်ကြိုးစားကြည့်ခြင်းသည် စာဖတ်ခြင်းအလေ့အထကို စတင်မွေးမြူဖို့ အကောင်းဆုံးနည်းလမ်းဖြစ်သည်။ စာဖတ်ခြင်းက စိတ်ကိုငြိမ်းချမ်းစေပြီး ပိုမိုကောင်းမွန်စွာ အိပ်ပျော်စေပါသည်။ အစပိုင်းတွင် ခက်ခဲနိုင်သော်လည်း နေ့စဉ်ဆက်တိုက်လုပ်မည်ဆိုလျှင် အလေ့အထတစ်ခု ဖြစ်သွားမည်ဖြစ်သည်။ တစ်ပတ်ကို စာမျက်နှာ ၅၀၊ ၁၀၀ နှုန်းဖြင့် ဖတ်မည်ဆိုပါက တစ်နှစ်အတွင်း စာအုပ်ပေါင်းများစွာ ဖတ်ပြီးသားဖြစ်သွားမည်ဖြစ်သည်။

စာဖတ်ရာတွင် ပညာဗဟုသုတ တိုးပွားရန်နှင့် အတွေးအခေါ် ရင့်သန်စေရန်ဟူသော ရည်ရွယ်ချက် နှစ်မျိုးရှိသည်။ ပညာဗဟုသုတမရှိလျှင် မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းကို တိုးတက်ကောင်းမွန်အောင်လုပ်နိုင်ရန် ခဲယဉ်းပေလိမ့်မည်။ စိတ်ကူးဉာဏ် အတွေးအခေါ်ရင့်သန်ခြင်း မရှိပါလျှင်လည်း လူ့လောကတွင် တိုးတက်ရန်ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် လိမ္မာရေးခြား ဗဟုသုတကြွယ်ဝစေရန်အတွက် စာဖတ်ခြင်းသည် အလွန်အရေးပါ အရာရောက်ပါသည်။

မြန်မာ့ဂုဏ်ဆောင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးသန့်၏



- ❖ **“အချိန်မရှိလို့” ဆိုသည့် အကြောင်းပြချက်သည် အကြီးမားဆုံးအတားအဆီး ဖြစ်နေတတ်သည်။ သို့သော် တစ်နေ့ကို ၁၅ မိနစ် သို့မဟုတ် မိနစ် ၃၀ ခန့် စာဖတ်ရန် အချိန်ဇယားဆွဲပါ။ အိပ်ရာမဝင်မီ ၁၅ မိနစ်ခန့် ဖတ်ရန်ကြိုးစားကြည့်ခြင်းသည် စာဖတ်ခြင်းအလေ့အထကို စတင်မွေးမြူရန် အကောင်းဆုံးနည်းလမ်းဖြစ်**
- ❖ **စာအုပ်စာပေအားလုံးသည် တန်ဖိုးရှိသော်လည်း လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး (Social Development) အတွက်ရည်ရွယ်၍ ပိုမိုထိရောက်သော အထောက်အကူဖြစ်စေမည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန် ပိုမိုအရေးကြီး**

**“စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြလေသည်”** ဟူသော စကားသည် အလွန်နက်ရှိုင်းသော အဓိပ္ပာယ်များ ရှိပါသည်။ ဤစကားသည် စာဖတ်ခြင်း၏ အရေးပါမှုကို အဆင့်နှစ်ဆင့်ဖြင့် ထောက်ပြနေပါသည် –

၁။ **“စာဖတ်သောလူမျိုးသည် တိုးတက်၍”** ဤတွင် ဦးသန့်သည် တစ်ဦးချင်းစီ၏ တိုးတက်မှုကို အလေးပေးထားသည်။ စာဖတ်ခြင်းသည် လူတစ်ဦးချင်းစီ၏ အသိပညာ၊ အတွေးအခေါ်၊ စဉ်းစားဉာဏ်နှင့် စိတ်ကူးစိတ်သန်းကို ချဲ့ထွင်ပေးသည်။ ဤသို့ဖြင့် လူတစ်ဦးချင်းစီ တိုးတက်လာပြီး နောက်ဆုံးတွင် ထိုသူများပါဝင်သော လူ့အဖွဲ့အစည်းတစ်ရပ်လုံး တိုးတက်လာစေသည်။

၂။ **“တိုးတက်သောလူမျိုးသည် စာဖတ်ကြလေသည်”** ဒုတိယအဆင့်မှာ တိုးတက်ပြီးသော လူ့အဖွဲ့အစည်း၏ သဘောသဘာဝကို ဖော်ပြခြင်းဖြစ်သည်။ တိုးတက်သော လူမျိုးတစ်ခုသည် မိမိတို့၏အောင်မြင်မှုကို ထိန်းသိမ်းလိုပြီး ဆက်လက်တိုးတက်လိုသောဆန္ဒကြောင့် ပိုမို၍ စာဖတ်ကြသည်။ ဆိုလိုသည်မှာ စာဖတ်ခြင်းနှင့် တိုးတက်ခြင်းသည် အပြန်အလှန် အကျိုးပြုနေသော ကွင်းဆက်ဖြစ်သည်။

**စာဖတ် → တိုးတက်**

**တိုးတက် → (ပို၍)စာဖတ်**

ဦးသန့်၏ ဤအဆိုသည် လူတစ်ဦးချင်းမှ စတင်ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စာဖတ်ခြင်း၏ အခြေခံအကျဆုံးသော အခန်းကဏ္ဍကို ထိပ်တိုက်ဖော်ပြနေသည့် ကမ္ဘာကျော်ပညာရေးဆိုင်ရာ မိန့်မှာချက်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့်ပင် ယနေ့တိုင် ဤစကားသည် စာဖတ်ခြင်း၏ တန်ဖိုးကို ဖော်ညွှန်းရာတွင် အမြဲတမ်းအသုံးပြုနေကြဆဲဖြစ်ပါသည်။

လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြသည်။ စာဖတ်မှုအလေ့အကျင့်မရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများ ကြုံတွေ့နိုင်သည်။ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကိုအကျိုးပြုသည်။ မြန်မာနိုင်ငံသည် ကမ္ဘာနှင့် ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပညာတတ်များ၊ စာဖတ်သူများ မွေးထုတ်ပေးရန်လိုအပ်သည်။ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည် ဖြစ်သော်လည်း အဆိပ်အတောက်၊ သတင်းအချက်အလက်အတုများ လွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကို အကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန် လိုအပ်သည်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်း လိုအပ်သည်။ စာသင်ကျောင်းများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းဖြင့်လည်း စာဖတ်ရှိန်ကို မြှင့်တင်ပေးနိုင်သည်။

စာအုပ်စာပေအားလုံးသည် တန်ဖိုးရှိသော်လည်း လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး (Social Development) အတွက်ရည်ရွယ်၍ ပိုမိုထိရောက်သော အထောက်အကူဖြစ်စေမည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန် ပိုမိုအရေးကြီးပါသည်။ ထို့အပြင် စာအုပ်စာပေရွေးချယ်ရာတွင် စာရေးဆရာ၏ ရင်းမြစ်နှင့် ချဉ်းကပ်မှုနည်းလမ်းကို ဝေဖန်ပိုင်းခြားတတ်ရန် လိုအပ်ပါသည်။ မိမိ၏ လက်ရှိအခြေအနေ၊ လိုအပ်ချက်နှင့်ကိုက်ညီမှု ရှိ၊ မရှိ ဆန်းစစ်သင့်ပါသည်။

**စီးပွားရေး၊ ငွေကြေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး (Economics & Poverty Alleviation)** စာအုပ်စာတမ်းများသည် စီးပွားရေးအမြင်ကို ကျယ်ပြန့်စေပြီး မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်၏ လူမှုစီးပွားဘဝကို မြှင့်တင်နိုင်မည့် နည်းလမ်းများကို ပေးစွမ်းနိုင်ပါသည်။ **စိတ်ပညာ၊ စိတ်ချမ်းသာရေးနှင့် မိမိကိုယ်ကိုနားလည်မှု (Psychology & Self–awareness)** စာအုပ်များသည် လူမှုဆက်ဆံရေးနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်မှုသည် လူမှုအသိုင်းအဝိုင်း တည်ငြိမ်အေးချမ်းရေးအတွက် အလွန်အရေးကြီးပါသည်။ **လူမှုရေး၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး (Social Justice, Human Rights & Peace)** စာအုပ်များသည် လူတိုင်း၏ အခွင့်အရေး၊ တန်းတူညီမျှမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နည်းများကို နားလည်စေပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး (Environment & Sustainability)** စာအုပ်တို့သည် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်စေရန် သင်ယူနိုင်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ကမ္ဘာမြေကို ထိန်းသိမ်းရန် အားထုတ်စေပါသည်။ **ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဝန်းကျင်ပြုစုပျိုးထောင်ရေး (Education, Health & Community Building)** စာအုပ်များသည် မိမိအသိုင်းအဝိုင်း၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်နိုင်မည့် အသိပညာများ ရရှိစေပါသည်။ **အတွေးအခေါ်၊ ဒဿနိကဗေဒနှင့် ဘာသာရေးစာပေ (Philosophy & Ethics)** စာအုပ်များသည် မှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သော လူမှုအသိုင်းအဝိုင်းကို တည်ဆောက်နိုင်ရန် လမ်းညွှန်ပေးနိုင်ပါသည်။ **အတ္ထုပ္ပတ္တိများ(Biographies)** စာအုပ်မျိုးသည် လောကကြီးကို ပြောင်းလဲစေခဲ့သော ခေါင်းဆောင်ကြီးများ၊ သိပ္ပံပညာရှင်များ၊ လူမှုရေးလှုပ်ရှားသူများ၏ ဘဝဇာတ်ကြောင်းများမှတစ်ဆင့် ခိုင်မာသောစိတ်ဓာတ်၊ လှုပ်ရှားမှု နည်းဗျူဟာများကို သင်ယူနိုင်ပါသည်။

ထို့ကြောင့် သင်စိတ်ဝင်စားသည့် ခေါင်းစဉ် (ခရီးသွား၊ သိပ္ပံစမ်းသပ်ချက်၊ စွန့်ဦးတီထွင်မှု၊ ချစ်ခြင်းမေတ္တာ) စသည့် စိတ်လှုပ်ရှားဖွယ်အကြောင်းတစ်ခုအဖြစ် ပြောင်းလဲစေမည့်စာအုပ်မျိုးကို ရှာဖွေပြီး စာဖတ်သည့်အလေ့အကျင့်ကို ပျိုးထောင်ကြရပါမည်။ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် ယနေ့ပင် စာစတင်ဖတ်ပြီး သင့်ဘဝအတွက် အသစ်အသစ်သော အခွင့်အလမ်းတံခါးများ ဖွင့်လှစ်လိုက်ပါ၊ စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်ပါ၊ စာမျက်နှာတစ်ခုကို လှန်လိုက်ပါ၊ သင့်အတွက် အသစ်သောကမ္ဘာဆီသို့ ခြေလှမ်းသစ်တစ်ခု စတင်လိုက်ပါလို့ မိတ်ဆွေရဲ့အကျိုးကိုမျှော်၍ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ဂါဇာအရေးဆွေးနွေး

**ဂျေရုဆလင် နိုဝင်ဘာ ၁၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ကြား ဂါဇာဒေသအခြေအနေနှင့်ပတ်သက်၍ ဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း ကရင်မလင် သတင်းထုတ်ပြန်ရေးအဖွဲ့က နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသအခြေအနေများအပါအဝင် ဂါဇာဒေသအပစ်အခတ်ရပ်စဲရေး ဆောင်ရွက်မှုအခြေအနေ၊ အီရန်နျူကလီးယားအရေး၊ ဆီးရီးယားအရေးနှင့် ထိန်းသိမ်းထားသည့် အကျဉ်းသားများ လဲလှယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရေးအတွက် အီဂျစ်၊ အမေရိကန်၊ တူကီယဲနှင့် ကာတာနိုင်ငံများမှ ကိုယ်စားလှယ်များသည် ယခုနှစ် အောက်တိုဘာ ၆ ရက်တွင် ညှိနှိုင်းဆွေးနွေးခဲ့ရာ အောက်တိုဘာ ၁၀ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့သည်။

ရုရှားနိုင်ငံသည် ဂါဇာအရေး ဆုံးဖြတ်ချက်မူကြမ်းကို နိုဝင်ဘာ ၁၃ ရက်တွင် ကုလသမဂ္ဂသို့ တင်သွင်းခဲ့ပြီး အမေရိကန်သမ္မတထရမ့်၏ ဂါဇာဒေသငြိမ်းချမ်းရေးအစီအစဉ်ကိုထောက်ခံရန် အမေရိကန်က ကုလသမဂ္ဂအား တွန်းအားပေးမှုအပေါ် တုံ့ပြန်ခဲ့သည်။

ရုရှားနိုင်ငံက တင်သွင်းသည့် အဆိုပြုချက်တွင် နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့အား ကုလသမဂ္ဂအုပ်ချုပ်မှုအောက်တွင်ထားရှိရေး၊ ဂါဇာဒေသအတွင်း နယ်မြေပြောင်းလဲ သတ်မှတ်မှု ဆန့်ကျင်ရေးနှင့် နှစ်နိုင်ငံဆုံးဖြတ်ချက်ကို ဆောင်ရွက်ရေးသတ်မှတ်ထားသည်။

အမေရိကန်ကတင်သွင်းသည့် အဆိုပြုချက်တွင် ကုလသမဂ္ဂ၏ ထိန်းချုပ်မှုမှ ကင်းလွတ်သည့် နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ကို ဖွဲ့စည်းရေးနှင့်ဂါဇာဒေသ၏လုံခြုံရေးကိုအချိန်ကာလ သတ်မှတ်ချက်ထားရှိခြင်းမရှိဘဲ အစ္စရေးက တာဝန်ယူရေး အဆိုပြုခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**





# ဂျပန်မင်းသမီး အအိကို လာအိုနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်

**ကျိုတို နိုဝင်ဘာ ၁၆**

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ဧကရီ မာဆာကိုတို့၏သမီးတော် မင်းသမီး အအိကိုက ၎င်း၏ ပထမဆုံးနိုင်ငံရပ်ခြားခရီးစဉ်အဖြစ် လာအိုနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်သည်။

မင်းသမီး အအိကိုက လာအိုနိုင်ငံသို့ ခြောက်ရက်ကြာ အလည်အပတ်ခရီးစတင်ရန် တိုကျိုမြို့ ဟာနီဒါလေဆိပ်မှ နိုဝင်ဘာ ၁၇ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။

ဂျပန်နှင့် လာအိုနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ် ၇၀ ပြည့် အထိမ်းအမှတ်သည် ယခုနှစ်တွင် ကျရောက်မည်ဖြစ်သည်။

မင်းသမီး အအိကိုက နိုဝင်ဘာ ၁၈ ရက်တွင် မြို့တော် ဗီယင်ကျန်း၌ သမ္မတ သောင်လွန်းဆီဆိုလစ်အား တွေ့ဆုံမည်ဖြစ်သည်။ ထို့ပြင် လာအိုဒုတိယသမ္မတ Pany Yathotou က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်မည်ဖြစ်သည်။ မင်းသမီး အအိကိုက လာအို-ဂျပန် ဘူဒိုစင်တာသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။

ဗီယက်နမ်စစ်ပွဲမှ မပေါက်ကွဲသေးသော လက်နက်များအကြောင်း ပြသထားသည့် ပြတိုက်ကိုလည်း သွားရောက်ကြည့်ရှုမည်ဖြစ်သည်။

မင်းသမီးသည် ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် စာရင်းဝင်သည့် လာအိုနိုင်ငံ မြောက်ပိုင်းရှိ ရှေးဟောင်းမြို့တော် လွမ်ပရာဘန်းသို့လည်း သွားရောက်ရန် စီစဉ်ထားသည်။ ဂျပန်အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုမှ တည်ထောင်ထားသော ဘုရားကျောင်းများနှင့် ကလေးဆေးရုံများသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။

မင်းသမီး အအိကိုက နိုဝင်ဘာ ၂၂ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လာရန် စီစဉ်ထားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း၌ မားဘာ့ဂ် ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လျက်ရှိ

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၆**

အီသီယိုးပီးယားနိုင်ငံ တောင်ပိုင်း၌ မားဘာ့ဂ် ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (Africa CDC) က ယမန်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။



အဆိုပါဗိုင်းရပ်စ်သည် အီဘိုလာကဲ့သို့ပင် ဖျားခြင်း၊ အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ ဖြစ်စေပြီး ပြင်းထန်ပါက သွေးများယိုစီးထွက်ခြင်းတို့ ဖြစ်စေကြောင်း သိရသည်။ ရောဂါလက္ခဏာများ ခံစားရသည့်ကာလသည် ၂၁ ရက်ခန့် ရှိသည်။

ခန္ဓာကိုယ် အရည်များနှင့် ထိတွေ့ခြင်းမှ ကူးစက်ပြီး သေဆုံးမှုနှုန်း ၂၅ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြားရှိသည်။

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း၌ အဆိုပါဗိုင်းရပ်စ်ကူးစက်ခံထားရသူတစ်ဦးကို တွေ့ရှိပြီးနောက် နှစ်ရက်အကြာတွင် နောက်ထပ် ဗိုင်းရပ်စ် ကူးစက်ခံထားရသူ ကိုးဦးကို ထပ်မံတွေ့ရှိခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ပြောကြားသည်။

ဗိုင်းရပ်စ်ကူးစက်ခံထားရသူများကို စစ်ဆေးကြည့်ရာ မားဘာ့ဂ် ဗိုင်းရပ်စ်ဖြစ်ကြောင်း အီသီယိုးပီးယား အမျိုးသားဓာတ်ခွဲခန်းက အတည်ပြုပြောကြားသည်။

ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အီသီယိုးပီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

တန်ဇန်းနီးယားနိုင်ငံ၌ ဇန်နဝါရီလအတွင်း မားဘာ့ဂ်ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၁၀ ဦးသေဆုံးခဲ့ပြီး ရောဂါကူးစက်မှုသည် မတ်လတွင် အဆုံးသတ်ခဲ့သည်။

အလားတူ ရဝမ်ဒါနိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် အဆိုပါဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၁၅ ဦးသေဆုံးခဲ့သည်။

မားဘာ့ဂ် ဗိုင်းရပ်စ်အတွက် အတည်ပြုထားသော ကာကွယ်ဆေး သို့မဟုတ် ဗိုင်းရပ်စ်ပိုးကုသဆေး မရှိသေးသော်လည်း ရေဓာတ်ပြန်လည် ဖြည့်တင်းခြင်းနှင့် သီးခြားလက္ခဏာများကို ကုသခြင်းသည် လူနာများ၏ အသက်ရှင်နိုင်ခြေကို ပိုမိုတိုးတက်စေနိုင်သည်။

**ကိုးကား - သည်ဂါးဒီးယန်း**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံမှ အမျိုးသမီး ဉာဏ်ရည်တုနည်းပညာသုံး ဒစ်ဂျစ်တယ်ဇာတ်ဆောင်နှင့်လက်ထပ်

**တိုကျို နိုဝင်ဘာ ၁၆**

ဂျပန်နိုင်ငံမှ အသက် ၃၂ နှစ်အရွယ်ရှိ ရုံးဝန်ထမ်းအမျိုးသမီးတစ်ဦးသည် ၎င်း၏မိုဘိုင်းဖုန်းတွင် ChatGPT အက်ပလီကေးရှင်းအသုံးပြုပြီး ၎င်းကိုယ်တိုင်ဖန်တီးထားသည့် Klaus အမည်ရှိ ဉာဏ်ရည်တုနည်းပညာသုံး ဒစ်ဂျစ်တယ် ဇာတ်ဆောင်တစ်ဦးနှင့် လက်ထပ်ခဲ့ကြောင်း သိရသည်။

၎င်းတို့၏ လက်ထပ်ပွဲကို အိုကာရာမာမြို့ရှိ မင်္ဂလာခန်းမတစ်ခုတွင်ကျင်းပခဲ့ပြီး ကာနိုအမည်ရှိ သတို့သမီးက ဖုန်းမျက်နှာပြင်မှ တစ်ဆင့် ဒစ်ဂျစ်တယ် ဇာတ်ဆောင်နှင့် လက်ထပ်လက်စွပ် လဲလှယ်ခဲ့သည်။

၎င်းလက်ထပ်ပွဲကို ဒေသတွင်းရှိ လူသားနှင့် ဉာဏ်ရည်တုနည်းပညာသုံးဇာတ်ကောင်များ၊ လက်ထပ်ပွဲကို စီစဉ်သည့် လုပ်ငန်းတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



ကာနိုသည် ပြီးခဲ့သည့်သုံးနှစ်အတွင်းက အမျိုးသားတစ်ဦးနှင့် စေ့စပ်ရေးဆောင်ရွက်ခဲ့ရာတွင် မအောင်မြင်ခဲ့ရာမှ ဒစ်ဂျစ်တယ် ဇာတ်ဆောင်နှင့် ChatGPT မှတစ်ဆင့် ချစ်ကြိုက်ခဲ့ပြီး ယခုကဲ့သို့ လက်ထပ်ခဲ့ခြင်းဖြစ် သည်။ **ကိုးကား-VN Express၊ ဘာသာပြန်-စိုးသူရ**

# သီရိလင်္ကာနိုင်ငံက ယခုနှစ် ပထမ ၁၀ လအတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆ ဘီလီယံခန့် ဝင်ငွေရရှိ

**ကိုလံဘို နိုဝင်ဘာ ၁၆**

သီရိလင်္ကာနိုင်ငံက ယခုနှစ် ပထမ ၁၀ လအတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆ ဘီလီယံခန့် ဝင်ငွေရရှိခဲ့ကြောင်း သီရိလင်္ကာဗဟိုဘဏ် (CBSL) က ၎င်း၏နောက်ဆုံး အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလ တစ်လတည်းအတွက် ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုသည် အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၁ သန်းရှိကြောင်း အစီရင်ခံစာအရ သိရသည်။

သီရိလင်္ကာဗဟိုဘဏ်က ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း စုစုပေါင်းဝင်ငွေသည် ၂၀၂၄ ခုနှစ် အလားတူကာလထက် ၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ပြောကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာ ၁၂ ရက်အထိ နိုင်ငံအတွင်းသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည် ၁၉၇၂၉၅၇ ဦး ရှိခဲ့ကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (SLTDA) ၏ အချက်အလက်များအရ သိရသည်။

အဆိုပါ နိုင်ငံခြားသားခရီးသည်များအနက် အိန္ဒိယနိုင်ငံမှ ၄၄၃၆၂၂ ဦးဖြင့် အများဆုံးဖြစ်ပြီး ဗြိတိန်နိုင်ငံမှ ၁၈၀၅၉၂ ဦးဖြင့် ဒုတိယအများဆုံးဖြစ်ကာ ရုရှားနိုင်ငံမှ ၁၄၄၃၀၈ ဦးဖြင့် တတိယအများဆုံး လာရောက်ခဲ့သည်။ ထို့ပြင် ဂျာမနီနိုင်ငံမှ ၁၂၃၀၅၃ ဦးနှင့် တရုတ်နိုင်ငံမှ ၁၁၅၄၀၀ လာရောက်ခဲ့ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျော်ဂျီယာအသင်းကို လေးဂိုးပြတ်အနိုင်ရပြီး ရာနှုန်းပြည့်နိုင်ပွဲ ဆက်ထိန်းထားနိုင်ခဲ့တဲ့ စပိန်



စပိန်အသင်းဟာ နိုဝင်ဘာ ၁၅ ရက်နံနက်ပိုင်းက ဂျော်ဂျီယာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲစဉ်မှာ ဂျော်ဂျီယာအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ စပိန်အသင်းက ဂျော်ဂျီယာအသင်းကို လေးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့တာဖြစ်ပြီး စပိန်အသင်းအတွက် သွင်းဂိုးတွေကို အိုယာဘယ်က နှစ်ဂိုး၊ ဇူဘီမန်ဒီက တစ်ဂိုးနဲ့ ဖာရန်တောရက်စ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

**ရာနှုန်းပြည့်နိုင်ပွဲဆက်**

စပိန်အသင်းဟာ ဂျော်ဂျီယာအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲမှာ အုပ်စုအဆင့် ငါးပွဲကစား ငါးပွဲစလုံးအနိုင်ရရှိကာ ရာနှုန်းပြည့်နိုင်ပွဲဆက်မှုကို ဆက်ထိန်းထားနိုင်ခဲ့ပြီဖြစ်ပါတယ်။

စပိန်အသင်းဟာ လက်ရှိအချိန်မှာ ငါးပွဲစလုံးအနိုင်ရရှိခဲ့မှုနဲ့အတူ ရမှတ် ၁၅ မှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေတာကြောင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်တစ်နေရာရရှိဖို့ သေချာသွားပြီဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဆုဖလားကို ဆွတ်ခူးထားနိုင်ခဲ့တဲ့ စပိန်အသင်းဟာ ယခု ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲစဉ်မှာလည်း ငါးပွဲစလုံးပေးဂိုးမရှိဘဲ သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

စပိန်အသင်းဟာ လက်ရှိကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ရဲ့ အဆင့်သတ်မှတ်ချက်မှာ ထိပ်ဆုံးကရပ်တည်လျက်ရှိပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုအဆင့်မှာလည်း အုပ်စုဒုတိယနေရာက တူကီယဲအသင်းကို သုံးမှတ်ဖြတ်ထားတာလည်း ဖြစ်ပါတယ်။

# ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဒီဇင်ဘာ ၅ ရက်တွင် ပြုလုပ်မည်

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မဲခွဲပွဲကို အမေရိကန်နိုင်ငံ၏ မြို့တော်ဝါရှင်တန်၌ ဒီဇင်ဘာ ၅ ရက်(သောကြာနေ့)မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အုပ်စုအဆင့် မဲခွဲရာမှာ အသင်းပေါင်း ၁၂ သင်းကို မဲအိုးတစ်အိုးဖြင့် မဲအိုးလေးအိုးထားကာ အုပ်စုတစ်အုပ်စီတိုင်းမှာ မဲအိုးတစ်အိုးစီမှ အသင်းတစ်သင်းသာ ပါဝင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ လေးသင်းတစ်အုပ်စုနဲ့ အုပ်စုပေါင်း ၁၂ အုပ်စုခွဲပြီး ကျင်းပသွားမှာ ဖြစ်ပါတယ်။

အမေရိကန်၊ မက္ကဆီကိုနဲ့ ကနေဒါတို့ကတော့ ပူးတွဲအိမ်ရှင်အသင်းတွေဖြစ်တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို အလိုအလျောက် ဝင်ခွင့်ရရှိထားပြီးဖြစ်ပါတယ်။

နိုဝင်ဘာ ၁၆ ရက်အထိကာလအတွင်း အာဖရိကဇုန်မှ အယ်လ်ဂျီးရီးယား၊ ကိတ်ဗာဒီ၊ အီဂျစ်၊ ဂါနာ၊ အိုင်ဗရီကို့စ်၊ မော်ရိုကို၊ ဆီနီဂေါ၊ တောင်အာဖရိက၊ တူနီးရှား၊ အာရှဇုန်မှ ဩစတြေးလျ၊ အီရန်၊ ဂျပန်၊ ဂျော်ဒန်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ ဥရောပဇုန်မှ အင်္ဂလန်၊ ပြင်သစ်၊ ခရိုအေးရှား၊ သမုဒ္ဒရာပိုင်းဇုန်မှ နယူးဇီလန်၊ တောင်အမေရိကဇုန်မှ အာဂျင်တီးနား၊ ဘရာဇီး၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ပါရာဂွေး၊ ဥရုဂွေးတို့ဟာ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိထားပြီဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို အရင်က အသင်းပေါင်း ၃၂ သင်းနဲ့ ကျင်းပခဲ့ရာမှ ယခု ၂၀၂၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲကတော့ ကမ္ဘာ့တစ်ဝန်းမှ အသင်းပေါင်း ၄၈ သင်းနဲ့ ကျင်းပမယ့် ပထမဆုံးပြိုင်ပွဲလည်းဖြစ်ပါတယ်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံနဲ့ ကနေဒါနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်ပြီး ပြိုင်ပွဲကို ဇွန် ၁၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်။

# မလိုအပ်ဘဲ အနီကတ်ပြခံရခြင်းကို ရှောင်ရှားရန် ကစားသမားများအား အင်္ဂလန်နည်းပြ တူချယ်သတိပေးပြောကြား



အင်္ဂလန်အသင်းနည်းပြ တူချယ်ဟာ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံရပါက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ တစ်ပွဲပယ်ပြစ်ဒဏ်ကျခံရမှာဖြစ်တာမို့ ကစားသမားတွေအနေနဲ့ မလိုအပ်ဘဲ အနီကတ်ပြခံရခြင်းကို ရှောင်ရှားရန် သတိပေးပြောကြားခဲ့ပါတယ်။

လတ်တလောမှာ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အိုင်ယာလန်အသင်းနဲ့ပွဲစဉ်မှာ တိုက်ရိုက်အနီကတ် ပြခံခဲ့ရတာကြောင့် ပေါ်တူဂီအသင်း ကမ္ဘာ့ဖလာတိုက်ရိုက်ဝင်ခွင့်ရခဲ့မယ်ဆိုရင် ပထမပွဲစဉ် ပါဝင်ကစားခွင့်နဲ့ လွဲချော်မှာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲမှာ ခုနစ်ပွဲကစား၊ ခုနစ်ပွဲစလုံးအနိုင်ရရှိကာ ရာနှုန်းပြည့်နိုင်ပွဲနဲ့အတူ ကမ္ဘာ့ဖလားတိုက်ရိုက်ဝင်ခွင့်ရရှိထားတဲ့ အသင်းလည်း ဖြစ်ပါတယ်။

ဒါကြောင့် အင်္ဂလန်အသင်းနည်းပြ တူချယ်က ကစားသမားတွေကို လက်ကျန် ခြေစစ်ပွဲတစ်ပွဲတွင် အနီကတ်ပြသခံရခြင်းကနေ ရှောင်ရှားနိုင်ဖို့ သတိပေးထားတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

**ဘောလုံးလောကသတင်းတိုများ**

- လီဗာပူးအသင်းဟာ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာရဲ့နေရာမှာ ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး အိုလစ်ကို အစားထိုးခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- ပီအက်စ်ဂျီအသင်းဟာ ၂၀၂၇ ခုနှစ်မှာ ဘရာဇီးတိုက်စစ်မှူး ဗီနီစီးယပ်ဂျူနီယာကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူဖို့ စီစဉ်လျက်ရှိပြီး ဗီနီစီးယပ်ဂျူနီယာရဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း ၂၀၂၇ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်တယ်လို့ သိရပါတယ်။
- ဘာစီလိုနာအသင်းဟာ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးနေရာမှာ အစာထိုးရန် အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းကို ပထမဦးစားပေး ကစားသမားအဖြစ် ရွေးချယ်ထားတယ်လို့ သိရပါတယ်။

# ဘယ်လ်ဂျီယံအသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရဖို့ နောက်ဆုံးပွဲစဉ် အနိုင်ကစားရမည်

ဘယ်လ်ဂျီယံအသင်းဟာ နိုဝင်ဘာ ၁၅ ရက်ညပိုင်းက ကာဇက်စတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲစဉ်မှာ သရေတစ်မှတ်သာ ရရှိခဲ့ပါတယ်။

ကာဇက်စတန်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ပွဲစဉ်မှာ ကာဇက်စတန်အသင်းက ပထမပိုင်းပွဲကစားချိန် ၉ မိနစ်မှာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ဘယ်လ်ဂျီယံအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၄၈ မိနစ်မှာ ချေပဂိုးပြန်လည်ရရှိခဲ့လို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းအနေနဲ့ ကာဇက်စတန်အသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် ကမ္ဘာ့ဖလားဝင်ခွင့်တစ်နေရာရရှိမှာဖြစ်ပေမယ့် သရေတစ်မှတ်သာရရှိခဲ့လို့ လက်ကျန်ပွဲစဉ်အနိုင်ရဖို့ ကြိုးစားရဦးမှာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့် ခုနစ်ပွဲကစားပြီးချိန်မှာ ရမှတ် ၁၅ မှတ်နဲ့ ထိပ်ဆုံးမှာ ဦးဆောင်နေပေမယ့် လက်ကျန်ပွဲစဉ် အနိုင်ရမှ ကမ္ဘာ့ဖလားဝင်ခွင့်သေချာမှာဖြစ်ပါတယ်။

လက်ရှိ အုပ်စု (J )မှာ ဘယ်လ်ဂျီယံက ၁၅ မှတ်၊ မြောက်မက်ဆီဒိုးနီးယားက ၁၃ မှတ်၊ ဝေးလ်က ၁၃ မှတ်ရရှိထားတာကြောင့် လက်ကျန်ပွဲစဉ်မှာ အနိုင်ရတဲ့အသင်းက ကမ္ဘာ့ဖလားဝင်ခွင့်ရရှိမှာဖြစ်တာကြောင့် ဘယ်အသင်းကမ္ဘာ့ဖလားဝင်ခွင့်ရမလဲဆိုတာ စိတ်ဝင်စားစရာကောင်းတဲ့အုပ်စုပဲ ဖြစ်ပါတယ်။

အဲဒီအုပ်စုမှာ ကာဇက်စတန်အသင်းနဲ့ လီချန်စတိန်းအသင်းတို့ကတော့ ခြေစစ်ပွဲမပြီးဆုံးခင်မှာပဲ ကမ္ဘာ့ဖလားဝင်ခွင့် မျှော်လင့်ချက်အဆုံးသတ်ခဲ့ရတာ ဖြစ်ပါတယ်။



## ကံမမြို့နယ်၌ မီးဘေးလုံခြုံရေးနှိုးဆော်

ကံမ နိုဝင်ဘာ ၁၆

ကံမမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကံမမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့ပေါ် လေးရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးနှိုးဆော်ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ကောင်းစစ်နိုင်




## ကစားသမားဘဝမှ အနားယူခဲ့သည့် အောင်လအန်ဆန်အား ONE Championship အဖွဲ့အစည်း၏ Hall of Fame တွင် ထည့်သွင်းဂုဏ်ပြု

ရန်ကုန် နိုဝင်ဘာ ၁၆

ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲများကျင်းပနေသည့် ONE Championship အဖွဲ့အစည်းသည် ကစားသမားဘဝမှ အနားယူသွားသည့် မြန်မာဖိုက်တာဟောင်း အောင်လအန်ဆန်အား Hall of Fame တွင် ထည့်သွင်းဂုဏ်ပြုခဲ့သည်။



နိုဝင်ဘာ ၁၆ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသည့် ONE 173 ပြိုင်ပွဲကျင်းပနေသည့်အချိန်တွင် အောင်လအန်ဆန်အား ONE Championship အဖွဲ့အစည်း အမှုဆောင်အရာရှိချုပ် ချက်သရီ ဆစ်ယိုထောင်း ကိုယ်တိုင် Hall of Fame ဆုတံဆိပ် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ONE Hall of Fame တွင် ထည့်သွင်း ဂုဏ်ပြုခံရသည့် တတိယမြောက် ဖိုက်တာဖြစ်လာပြီး ၎င်းမတိုင်မီက အမေရိကန်ဖိုက်တာ ဂျွန်ဆင်နှင့် ဘရာဇီးဖိုက်တာ ဘီဘီယာနိုဖာနန်ဒက်စ်နှစ်ဦးသာ ရှိခဲ့ကြောင်း သိရသည်။

အောင်လအန်ဆန်သည် MMA ဖိုက်တာဘဝကို နှစ်ပေါင်း ၂၀ ဝန်းကျင် ဖြတ်သန်းပြီးနောက် ယခုနှစ် အောက်တိုဘာ ၄ ရက်တွင် ဆွီဒင်ဖိုက်တာ ကိတ်စတမ်နှင့် ထိုးသတ်ပြီး ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၁၄ ခုနှစ်တွင် ONE နှင့် လက်တွဲပြီးနောက် အောင်မြင်သည့်ကစားသမားဘဝကို ပိုင်ဆိုင်ခဲ့ပြီး ဝိတ်တန်းနှစ်ခု၏ ကမ္ဘာ့ချန်ပီယံအဖြစ် ကာလအတန်ကြာ ရပ်တည်နိုင်ခဲ့သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-ONE

■

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်း၊ ကြယ်စင်မြို့တော်ရှိ CITY LOFT တိုက်အမှတ်-CL-10 အခန်း၊ အမှတ် (611) ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသိန်းဌေး [၃/ကဆက(နိုင်)၀၀၁၇၈၇]ထံမှ(၁၆-၁၁-၂၅)ရက်စွဲပါ စရန်ငွေ ပေးစာချုပ်ဖြင့် ကျွန်မ ဒေါ်ရီရီဝင်း[၇/ပမန(နိုင်) ၀၂၁၉၇၃]က ဝယ်ယူရန်အတွက် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါကြောင်း ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လျှင် အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူသူ
ဒေါ်ရီရီဝင်း
ဖုန်း-၀၉-၇၉၄၉၄၈၀၅၄

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်း၊ ကြယ်စင်မြို့တော်ရှိ City LOFT တိုက်အမှတ်-CL-8 အခန်း၊ အမှတ် (405) ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ကိုသက်ဇော်လွင် [၁၂/ရပသ(နိုင်) ၀၃၅၀၉၅]ထံမှ(၁၅-၁၁-၂၅)ရက်စွဲပါ စရန်ငွေပေးစာချုပ်ဖြင့် ကျွန်မ မမိမြတ်အိမ်မွန်[၁၂/ဥကတ(နိုင်) ၁၇၁၅၂၆]၊ ဒေါ်အေးအေးဝမ်း [၁၂/ရကန(နိုင်) ၀၄၃၇၆၇]တို့က ဝယ်ယူရန်အတွက် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါကြောင်း ကန့်ကွက်ရန်ရှိပါက(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇) ရက်ကျော်လျှင် အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူသူ
မမိမြတ်အိမ်မွန်၊ ဒေါ်အေးအေးဝမ်း
ဖုန်း-၀၉-၇၇၇၂၆၉၈၈၈

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၅၈၈)၊ ဦးပိုင်အမှတ်(၁+၂+၃+၄+၅)ခဲစင်း၊ ရတနာပုံတက္ကသိုလ် အဝင်လမ်းတောင်ဘက်၊ အမြန်လမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သီတာထွန်း [၉/ပဥလ(နိုင်)၀၀၄၈၁၄]၏ (SP ရရှိသော ဦးကျော်ကျော်ဝင်း(ခ) ရန်ကွေ့ယုံ၊ ဒေါ်လောဆုံ၊ ဒေါ်ရွှေရှမ်း) တို့က အမှုတွဲအမှတ် (၃၄၅၅/ ၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ဂျေ)၊ မြေကွက်အမှတ်(၁၁၂/၄/၁က)၊ ဧရိယာ (၀.၂၅၃)ဧက၊ မြေကွက်တည်နေရာ-အမှတ်(၉၀L)၊ ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဗိုလ်မှူးချုပ်လွန်းမောင်(-)၊ ဒေါ်ရွှေသက်(~)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဖခင်) ဦးလွန်းမောင်သည် (၁၉-၂-၂၀၀၁)ရက်နေ့နှင့် အမည်ပေါက်(မိခင်)ဒေါ်ရွှေသက်သည်(၂၆-၁၁-၂၀၂၀)ရက်နေ့တို့တွင် အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏သား(၅)ဦးဖြစ်သော ၁။ဦးစိုးထွဋ်[၈/ပခက(နိုင်)၀၄၃၅၆၅]၊ ၂။ဦးမျိုးလွင်[၁၂/ဒဂန(နိုင်)၀၁၅၁၆၉]၊ ၃။ဦးဆန်းလွင်[၁၂/ဒဂန(နိုင်)၀၁၅၁၇၀] ၄။ဦးဥာဏ်မြင့်စိုး[၁၂/ဒဂန(နိုင်)၀၁၅၁၇၁]၊ ၅။ဦးဖုန်းကျော်စိုး [၁/မကန(နိုင်)၀၀၀၀၂၄]တို့မှ ၎င်းတို့(၅)ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြား အမွေဆက်ခံမည့်သူ အမွေစားအမွေခံ တစ်ဦးတစ်ယောက်မျှမကျန်ရှိပါကြောင်း၊ မွေးစားထားသော ကိတ္တိမသားသမီး တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတို့ကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါကြောင်း၊ ပန်းဘဲတန်းမြို့နယ် တရားရုံးမှတ်ပုံတင်အမှတ်-၆၄၆၅/ ၂၀၂၅(၈-၇-၂၀၂၅)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးလွန်းမောင်နှင့် ဒေါ်ရွှေသက်တို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ရန်ကုန်မြို့သစ်စီမံကိန်း၊ တွံတေးမြို့နယ်၊ အုပ်စုအမှတ်(RA-1) အကွက်အမှတ်(တ-၀၂)မြေကွက်အမှတ်(၃၂၃၇)ဧရိယာ(၄၀'× ၆၀')ရှိ ယာယီမြေပေးမိန့်အမျိုးအစား၊ ဦးအောင်သူ(၁၂/တတန(နိုင်)၁၁၂၇၇၅)အမည်ပေါက်မြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင်အမည်ပေါက်သူ-ဦးအောင်သူထံမှ အရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားသူ-ဦးစိုးသီဟ(၈/ပမန(နိုင်)၀၈၁၅၈၇)က အရှုပ်အရှင်းကင်းရှင်းစွာ ပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ် ဟန်နွေနိုင်(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၃၃၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ ဗိုလ်အောင်ကျော်(၃)လမ်း၊ မြေကွက်အမှတ်(၈၀၇)ဟုခေါ်တွင်သော ဒေါ်သန်းသန်းမော်(AD-၀၇၇၇၃၄) အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေ၏ အကျယ်အဝန်းပေ(၄၀x၆၀)ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်းပေ(၂၀x၆၀) (ခြေရင်းဘက်ခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းသူ[၁၂/ဒဂရ (နိုင်)၀၀၃၅၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နော်အက်စတာထွန်း[၁၂/တကန(နိုင်)၁၂၈၆၆၆]မှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နန်းမိုင်(LL.B,D.M.L) — တရားလွှတ်တော်ရှေ့နေ( စဉ်-၁၅၀၄၂)
ဒေါ်ပြည့်ပြည့်အောင်(LL.B) — တရားလွှတ်တော်ရှေ့နေ( စဉ်-၁၈၂၄၅)

အမှတ်-၅၅၇/၅၆၇၊ အခန်း(၉၀၃)၊ ၉လွှာ၊(MACTower)
မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၉၄၇၅၈၆၀၊ ၀၉-၇၈၆၀၅၂၈၉၀

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၈)လမ်း၊ မြေကွက်အမှတ် (၁၂၈၀)ဟုခေါ်တွင်သော ဦးတင်အေး(S/OKA-၀၅၄၇၆၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေ၏ အကျယ်အဝန်းပေ(၂၀x၆၀)ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်းပေ(၁၀x၆၀)(ခြေရင်းဘက်ခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုစုစံ[၁၂/ဥကမ(နိုင်)၂၄၀၆၅၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သွယ်သွယ်အောင်[၁၁/မပတ(နိုင်)၀၅၂၉၂၀]မှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်နန်းမိုင်(LL.B,D.M.L) — တရားလွှတ်တော်ရှေ့နေ( စဉ်-၁၅၀၄၂)
ဒေါ်ပြည့်ပြည့်အောင်(LL.B) — တရားလွှတ်တော်ရှေ့နေ( စဉ်-၁၈၂၄၅)

အမှတ်-၅၅၇/၅၆၇၊ အခန်း(၉၀၃)၊ ၉လွှာ၊(MACTower)
မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၉၄၇၅၈၆၀၊ ၀၉-၇၈၆၀၅၂၈၉၀

### ဒေါ်ခင်ဝင်းအေး[၁၂/အစန(နိုင်)၀၄၁၉၃၈](ဘ-ဦးအေးမောင် )ကိုင်ဆောင်သူ သိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၂၂၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၇/ဒီ)၊ မြေကွက်အမှတ်(၁၇ဃ)၊ ဧရိယာ (၀.၀၈၀)ဧက၊ မြေကွက်အမှတ်(၁၈/ဃ-၃)၊ ဧရိယာ(၀.၀၇၃)ဧက၊ စုစုပေါင်းဧရိယာ (၀.၁၅၃)ဧကရှိ လ/န၃၉(မြေပိုင်မြေ)အမျိုးအစား မြေကွက် (၂)ကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးစောအီကိုလေး [၁၂/အစန(နိုင်)၀၄၁၂၄၆] မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ လူကြီးမင်းမှ အပိုင်ပေးအပ်သည့် မှတ်ပုံတင်စာချုပ်အမှတ် (၂၅၀၂/၉၇)အရ လက်ဝယ်ထားပိုင်ဆိုင်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူလှရင် [၉/မမန(နိုင်)၀၈၀၅၉၀]သို့ အရောင်းအဝယ် အရပ်စာချုပ်ဖြင့် ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူခဲ့ပြီး လက်ရောက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အဆိုပါ မြေကွက်နှင့် အဆောက်အဦအား တရားဝင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လိုအပ်လာပါသဖြင့် လူကြီးမင်းမှ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်တွင် လူကြီးမင်းမှ လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝေဝေအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)
အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၂၀၀၅၇၄၉၈

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၈)၊ မြေကွက်အမှတ်(၁၂၃၃)၊ အကျယ်အဝန်း(၄၁ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဦးတင်ထွဋ်(KTN-၀၂၁၉၉၂) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ထားသည့် မြေကွက်အမှတ် (၁၂၃၄)နှင့်ကပ်လျက် အကျယ်အဝန်း(၂၁ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂၃၃)၊ မာလာလမ်း၊ (၁၈/E)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့် ပေးကမ်းခဲ့သဖြင့် လက်ဝယ်ပိုင်ဆိုင်ခဲ့သည် ဦးအေးကြိုင် [၁၂/သကတ(နိုင်)၀၂၉၃၂၁]နှင့် ဒေါ်ရီရီနွဲ့ [၁၂/ဥကတ(နိုင်)၀၈၂၆၈၆]တို့မှ မိမိတို့သာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းချို [၁၂/သဃက(နိုင်)၁၂၉၀၇၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သင်းစုမွန် (LL.B) — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၂၁)
ဒေါ်ပိုးအိအိစံ (LL.B)(LL.M) — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)

အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇ၉-၂)၊ ဦးပိုင်အမှတ် -(၈၈-ခ)၊ ၅၈x၅၉ကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်ကြီးစိုးမြင့်သိန်း [၁၂/ဗဟန(နိုင်) ၀၃၉၆၆၈]၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၄၃၇၂/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ပြုံးမာကြည် [၉/မရမ(နိုင်)၀၁၁၉၂၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်-(၆၀၃)၊ ဦးပိုင်အမှတ်(၉၅-ခ)၊ ကွမ်းသီးတန်းလမ်း၊ ရွှေဂူကြီးဘုရားအနောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သူသူဆွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းလှဲ့ဝင်း[၉/အမရ(နိုင်)၀၁၅၅၃၄]၊ ဒေါ်ခင်စန်းဝင်း[၁၃/တကန(နိုင်)၁၂၃၃၉၃]တို့က အမှုတွဲအမှတ် (၃၄၅၆/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈)၊ ဦးပိုင်အမှတ်(၁+၂+၃+၄+၅)ခဲစင်း၊ ရတနာပုံတက္ကသိုလ် အဝင်လမ်းတောင်ဘက်၊ အမြန်လမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သီတာထွန်း [၉/ပဥလ(နိုင်)၀၀၄၈၁၄]၏ (SP ရရှိသော ဦးကျော်ကျော်ဝင်း(ခ) ရန်ကွေ့ယုံ၊ ဒေါ်လောဆုံ၊ ဒေါ်ရွှေရှမ်း)တို့က အမှုတွဲအမှတ်(၃၄၃၈/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ပါမောက္ခ ဒေါက်တာ ဦးသိန်းထွန်း(ENT)

### အသက်(၇၅)နှစ်

မော်လမြိုင်မြို့နေ (ဦးရွှေဟန်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးကျော်ဇော-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဦးဖေအောင်မြင့်-ဒေါ်အေးအေးနွဲ့၊ ဦးစိုးသန်း-ဒေါ်သန်းသန်းမြင့်၊ (ဒေါက်တာဦးစိုးလွင်)-ဒေါ်လှလှချော တို့၏ မောင်/ညီ၊ ဒေါက်တာ ဦးမျိုးဆွေကြည်၊ ဒေါက်တာ ဒေါ်တင်တင်လှိုင်၊ ဒေါက်တာ ဦးခင်မောင်အေး-ဒေါက်တာ ဒေါ်သန်းလဲ့ဝင်း၊ ဒေါက်တာ ဦးဟန်လင်းမော်-ဒေါ်ဘေဘီညွန့်၊ ဒေါက်တာ ဦးဟန်ဝင်းကျော်-ဒေါက်တာ ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ အမှတ်(၄)၊ စွန်းလွန်းဂူကျောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာ ဒေါ်စီစီမာ၏ ချစ်လှစွာသောခင်ပွန်း ပါမောက္ခဒေါက်တာ ဦးသိန်းထွန်း(ENT)သည် ၁၅-၁၁-၂၀၂၅ရက် (စနေနေ့)ညနေ ၃:၄၃ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၇-၁၁-၂၀၂၅ရက်(တနင်္လာနေ့) နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်ခန်းမ(၁) အအေးခန်းမှ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၂၅ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည် ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါက်တာ ဒေါ်မာရီယာကျော်ညွန့် (M.B.,B.S)၊

အငြိမ်းစားဗိုလ်မှူး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ကာကွယ်ရေးဝန်ကြီးဌာန

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးဂမုန်းပွင့် Condo နေ [ဒေါက်တာဦးကျော်ညွန့်(ဗိုလ်မှူးကြီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ Dr. SuJay Galen - ဒေါက်တာ ဒေါ်ထက်ထက်ညွန့်၊ ဒေါ်သန္တာကျော်ညွန့်၊ ဦးကျော်သက်ညွန့်၊ ဦးသက်ထွန်းညွန့်-ဒေါ်အိအိဖြိုးတို့၏ ကျေးဇူးရှင်မိခင်၊ မောင်ဟန်သာညွန့်၊ Michael မောင်၊ မစုမြတ်သက်ညွန့်၊ Raymond မောင်၊ Sophie Galen၊ မသက်ကေသီကျော်ညွန့် တို့၏အဘွား၊ LiLy ညွန့်၊ Everly ညွန့် တို့၏ဘွားဘွားကြီးသည် ၁၅-၁၁-၂၀၂၅ရက် မွန်းလွဲ ၂:၃၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၉-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဈာပနဝတ်ပြုခြင်းအစီအစဉ်ကို ပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေး၊ ရပ်နီး၊ ဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးတင်အုန်း

(ရှုပဗေဒ)

### အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးရွှေ-ဒေါ်ကြည်)တို့၏သားကြီး၊ (ဦးခင်မောင်အေး)-ဒေါ်ခင်ခင်စု တို့၏သားသမက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(၂၃)နေ ဒေါ်ဖြူဖြူအေး၏ခင်ပွန်း၊ ဒေါ်ခင်စော၊ ဒေါ်အေးအေးချို၊ (ဒုတိယဗိုလ်မှူးကြီး ကျော်သက်)-ဒေါ်ခင်သီတာဝင်း၊ ဦးတင်ထွေး (ဒုညွှန်ချုပ်၊ ပတခ)-ဒေါ်ယဉ်နွယ်အောင်ချစ် တို့၏အစ်ကိုကြီး၊ ဦးရဲဝင့်တင်-ဒေါ်ရွှေယမင်းဦး၊ ဦးမျိုးသန့်တင်-ဒေါ်အိသန္တာလွင်၊ ဦးနေထွန်းတင် တို့၏ဖခင်၊ မောင်ဇွဲဘုန်းသန့်၏အဘိုးဖြစ်သူ ဦးတင်အုန်း သည် ၁၆-၁၁-၂၀၂၅ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅နာရီအချိန်တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၈-၁၁-၂၀၂၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီအချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီအချိန်တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းသွတ်တရားနာကို ၂၂-၁၁-၂၀၂၅ရက်(စနေနေ့)တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာ ဦးသိန်းထွန်း(ENT)

### အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ စွန်းလွန်းဂူကျောင်းလမ်း၊ အိမ်အမှတ်(၄)နေ ပါမောက္ခ ဒေါက်တာ ဦးသိန်းထွန်း(ENT) အသက်(၇၅)နှစ်သည် ၁၅-၁၁-၂၀၂၅ (စနေနေ့) ညနေ ၃:၄၃ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**နှင်းဆီကုန်းဆေးရုံ**
**ဝင်းဇီဝကဆေးခန်းမိသားစု**

---

## ဦးကျော်သီဟဇံ

### အသက်(၄၅)နှစ်

သန်လျင်မြို့၊ Star City နေ ဦးမျိုးသန့်-ဒေါ်စန်းစန်းမြင့်တို့၏သား၊ ဦးကျင်ဆန်း-ဒေါ်ကျင်ရီ တို့၏ သားသမက်၊ ဦးကျော်ဇေယျာမျိုး-ဒေါ်အိသဇင်သန့်တို့၏ အစ်ကို၊ ဒေါ်ကေဇင်မျိုး၏ ချစ်လှစွာသောခင်ပွန်း၊ မစန္ဒီရွှန်းလဲ့၏ မွေးသဖခင်၊ မောင်မင်းဇေယျာသန့်၏ဘကြီး ဦးကျော်သီဟဇံသည် ၁၄-၁၁-၂၀၂၅ (သောကြာနေ့) နံနက် ၈:၂၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမင်းကြည်လေး

### အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ မြို့တော်(၄)လမ်း၊ အမှတ်(G-49)နေ ဒေါ်မြမြညွန့်၏ ချစ်လှစွာသော ခင်ပွန်း၊ သား ဦးကောင်းချစ်ဘို-ဒေါ်မြတ်ပွင့်သူ၊ သား-မောင်ကောင်းဆက်သင်၊ မောင်ကောင်းဆက်သော်တို့၏ဖခင်ကြီး၊ မြေး မောင်လင်းပြည့်ဘို၏ အဘိုး ဦးမင်းကြည်လေးသည် ၁၅-၁၁-၂၀၂၅ ရက်တွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၇-၁၁-၂၀၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၂၅ (သောကြာနေ့) နံနက် ၈ နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသော ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် ဆပ်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဒေါက်တာ ဦးသိန်းထွန်း(ENT)

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ စွန်းလွန်းဂူကျောင်းလမ်း၊ အမှတ်(၄)နေ ဒေါက်တာ စီစီမာ၏ ချစ်လှစွာသောခင်ပွန်း ပါမောက္ခဒေါက်တာ ဦးသိန်းထွန်း(ENT) အသက်(၇၅)နှစ်သည် ၁၅-၁၀-၂၀၂၅(စနေနေ့) ညနေ ၃:၄၃ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၉၆၇-၇၄ ဆေး(၂) သူငယ်ချင်းများက ဝမ်းနည်း ကြေကွဲရပါသည်။

သွားနှင့်တော့သူငယ်ချင်းရေ။

**၁၉၆၇-၇၄ဆေး(၂) သူငယ်ချင်းများ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-မ-၄၇၊ ဦးပိုင်အမှတ်-(၂၇+၂၈)ခဲစင်း၊ ၄၀x၄၁ကြား၊ ၅၅x၅၆လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူဒေါက်တာထားထားမြင့်[၉/အမဇ(နိုင်)၀၀၀၃၉၈]၊ဒေါ်နီနီမြင့်[၉/မနမ(နိုင်)၁၂၄၂၃၉]၊ ဦးရန်လင်းမြင့် [၉/ခမစ(နိုင်)၀၁၆၂၀၈]၊ ဦးအာကာမြင့်[၉/ခမစ(နိုင်)၀၁၇၉၂၆]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၇၄/၂၀၁၇)ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးရှာရှင်းကွယ်[၉/ခမစ(နိုင်)၀၀၇၅၆၈]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-အပိုင်း(၈)၊ ဦးပိုင်အမှတ် (၅၂-ခ)၊ ၅၁x၅၂ကြား၊၁၁၁x၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မိုး [၉/မရတ(နိုင်)၀၄၄၉၅၀] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၁၁၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မာလာတင်[၉/မရတ(နိုင်)၀၇၅၉၂၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁)၊ ဦးပိုင်အမှတ်(၁၀-က)၊ ၅၉x၆၀ကြား၊ ၁၁၁x၁၁၂လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းသန်းပိုင်[၉/မဟမ(နိုင်)၀၄၄၀၉၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၉၀)၊ ၅၈လမ်း၊ ၁၀၅x၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသောင်းစိန်[၉/ပသက(နိုင်)၀၈၃၀၄၇]၊ ဒေါ်စန်းအေးမြင့် [၉/စကတ(နိုင်)၀၉၀၀၅၀] တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်-၆၀၅၊ ဦးပိုင်အမှတ်(၂၁-ဈ/၁၆)၊ ၂၆x၂၇ကြား၊ ၈၀x၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်ဝင်း[၉/မရမ(နိုင်)၀၅၀၀၀၈]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-၅၁၄/၂၊ ဦးပိုင်အမှတ်(၃၂၅)၊ ၅၇.Bလမ်း၊ ၃၂Ax၃၂B လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းသက်ဇော်[၁/မကန(နိုင်)၀၀၀၂၅၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ဦးပိုင်အမှတ်(၈၂/က)၊ ၅၉(B)လမ်း၊ ၁၁၂(A) လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းလွင်[၉/မနမ(နိုင်)၀၃၆၉၃၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-မ-၄၅၊ ဦးပိုင်အမှတ်-၅၂၊ ၅၃x၅၄လမ်းကြား၊ ၄၀x၄၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်မှူးကျော်စိုးထွန်း[၉/မထလ(နိုင်)၀၆၅၆၉၉]၏ သက်တမ်းတိုးလျှောက်ထားလာမှုအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ၊ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံးဂရန်တွင်ပါရှိလာမည့် မင်နီမှတ်ချက်အားပယ်ဖျက်ပေးပါရန်ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင်ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခု ဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိကန့်ကွက်သူမရှိခြင်းကြောင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်-၃၇၄/၁၉၉၅-၁၉၉၆အရ ထုတ်ပေးထားသော ဂရန်စာချုပ်နံပါတ်-၁၅၂၂/၁၉၉၅-၁၉၉၆အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈)၊ ဦးပိုင်အမှတ်(၁+၂+၃+၄+၅)ခဲစင်း၊ ရတနာပုံတက္ကသိုလ်အဝင်လမ်းတောင်ဘက်၊ အမြန်လမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာထွန်း [၉/ပဥလ(နိုင်)၀၀၄၈၁၄]၏(SP ရရှိသော ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ၊ ဒေါ်လောဆုံ၊ ဒေါ်ရွှေရှမ်း)တို့က အမှုတွဲအမှတ်(၃၄၃၇/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁)၊ ဦးပိုင်အမှတ်(၁၀-ခ)၊ ၅၉x၆၀ကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းထွန်း [၉/မနတ(နိုင်)၀၁၉၈၇၀]၊ ဒေါ်ရှောက်ကော်[၉/မနတ(နိုင်)၀၃၁၃၈၀] တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈)၊ ဦးပိုင်အမှတ်(၁+၂+၃+၄+၅)ခဲစင်း၊ ရတနာပုံတက္ကသိုလ် အဝင်လမ်းတောင်ဘက်၊ အမြန်လမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာထွန်း[၉/ပဥလ(နိုင်)၀၀၄၈၁၄]၏ (SPရရှိသော ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ၊ ဒေါ်လောဆုံ၊ ဒေါ်ရွှေရှမ်း)တို့က အမှုတွဲအမှတ်(၃၄၃၆/၂၀၂၅-၂၀၂၆) ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သင့်သွေးဖြင့်အသက်ကယ်ပါ

❖ နိုင်ငံရေးတည်ငြိမ်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ...

❖ နိုင်ငံရေးရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အဓိကကျ...

❖ Green City, Clean City, Smart City နှင့် Green Village များ ဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့်အစိတ်အပိုင်းများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။ ကြေးမုံ

**ယနေ့ ဖတ်စရာ**


ပညာရေးအဆင့် မြင့်မားပါမှ .....
ဆောင်းပါး စာမျက်နှာ » ၁၄

ဘဝ၏အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် စာဖတ်ခြင်း
ဆောင်းပါး စာမျက်နှာ » ၂၃

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း၌ မားဘာ့ဂ်ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လျက်ရှိ





စာမျက်နှာ » ၂၄

ဘယ်လ်ဂျီယံအသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရဖို့ နောက်ဆုံးပွဲစဉ် အနိုင်ကစားရမည်
စာမျက်နှာ » ၂၅





## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါး ၂၂၂၂၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အောက်တိုဘာလမှစတင်ကာ ရိတ်သိမ်းနေပြီဖြစ်

မြိတ် နိုဝင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် မိုးစပါး ၂၂၂၂၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါးရိတ်သိမ်းမှုအနေဖြင့် အောက်တိုဘာလမှစတင်ကာ ရိတ်သိမ်းနေပြီဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ၂၀၂၄ – ၂၀၂၅ ခုနှစ်တွင် မိုးစပါး စိုက်ဧက ၂၂၂၃၉၆ ဧက၊ တစ်ဧကအထွက်နှုန်း ၇၃ ဒသမ ၂၀ တင်းထွက်ရှိခဲ့ပြီး ယခု ၂၀၂၅–၂၀၂၆ ခုနှစ်တွင် မိုးစပါး စိုက်ဧက ၂၂၂၂၉၁ ဧက စိုက်ပျိုးခဲ့နိုင်ခဲ့ကာ အောက်တိုဘာလ တတိယပတ်မှစတင် ရိတ်သိမ်းလျက်ရှိသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖



## လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေ

နေပြည်တော် နိုဝင်ဘာ ၁၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံကမ်းလွန်)တွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်–အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အာဖဂန်နစ္စတန်-မြန်မာပွဲ ကွင်းအခက်အခဲကြောင့် ရွှေ့ဆိုင်း

ရန်ကုန် နိုဝင်ဘာ ၁၆

နိုဝင်ဘာ ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၅)ဖြစ်သည့် အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာအသင်းပွဲစဉ်ကို ကွင်းအခက်အခဲကြောင့် ရွှေ့ဆိုင်းလိုက်သည်။

အာဖဂန်နစ္စတန် အသင်းသည် အိမ်ကွင်းပွဲများကို အာဖဂန်နစ္စတန်နိုင်ငံ၌ လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် အခြားနိုင်ငံများတွင် ကစားနေရပြီး ဆီးရီးယားအသင်းနှင့်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံ၊ ပါကစ္စတန်အသင်းနှင့်ပွဲကို ကူဝိတ်နိုင်ငံ၌ ကစားခဲ့ရပြီး မြန်မာအသင်းနှင့်ပွဲကို

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ◆



မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်း ပထမအကျော့ တွေ့ဆုံခဲ့စဉ်။